၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group

Issue No. 707, April 26, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## အထူးအစည်းအဝေးမတိုင်မီ အဖွဲ့ချုပ်မှ စီအာရ်ပီပီ၊ တိုင်းရင်းသားများနှင့် ညှိနှိုင်း

**NEJ ၊ ဧပြီလ ၂၁ ။** ။ လာမည့် ၂၈–၂၉ ရက်တို့တွင်ကျင်းပမည့် NLD အထူးအစည်းအဝေးတွင် စာတမ်းသုံးစောင်တင်သွင်းသွားမည်ဖြစ်ကာ အဆိုပါစာတမ်းသုံးစောင်နှင့် အစည်းအဝေးကျင်းပမည့် အကြောင်းများကို NLD ပါတီကပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP အပါအဝင် တိုင်းရင်း သားပါတီကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း CRPP အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

"စာတမ်းသုံးစောင်တင်သွင်း ဆွေးနွေးကြမယ်လို့သိရတယ်။ အဲဒီစာတမ်း သုံးစောင်က ၁။ ၂၀၀၈ ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲအကြောင်း။

၂။ ပါတီရဲ့လက်ရှိနိုင်ငံရေးပြဿနာနဲ့ စည်းရုံးရေး။

၃။ ပါတီရဲ့အနာဂတ်ရပ်တည်ရေး။

အဲဒါတွေတင်ပြဆွေးနွေးသွားကြမယ်ဆိုတာကိုပြောပါတယ်"ဟု ဦးအေးသာအောင်ကပြောပါတယ်၊ NLD ပါတီ၊ CRPP နဲ့တိုင်းရင်းသားပါတီများမှကိုယ်စားလှယ်များ အကြိုညှိနှိုင်းဆွေးနွေးမှုကိုယခုလပထမပတ်အတွင်းကပြုလုပ်ခဲ့ကြခြင်းဖြစ်ကာကျန်းမာရေးကြောင့်အနားယူထားရသည့် NLD ပါတီဗဟိုအလုပ်အမှုဆောင်အချို့မှလွဲ၍ အားလုံးစုံစုံညီညီတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်၊

ဦးအေးသာအောင်က "NLD တို့ CRPP နဲ့ တိုင်းရင်းသားပါတီတွေဘက်က ပြန်ဆွေးနွေး ဖြစ်ခဲ့တာက အခုလိုခေါ်ပြီးစည်းဝေးတာကောင်းတယ်၊ အရင့်အရင်ကတည်းကလည်း စုံညီအစည်းအဝေးတွေလုပ်သင့်တယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ပါတီမှာစည်းရုံးရေး၊ ညီညွတ်ရေး၊ အားကောင်းလာမယ့်အကြောင်း၊ ရှေ့မှာဆို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ရင်ဆိုင်ရမယ့်အခြေအနေတွေရှိလာပြီ။ အဲလိုကာလမျိုးမှာ အားလုံးဆွေးနွေးပြီးတော့ ရင်ဆိုင်တာကောင်းတဲ့အကြောင်း၊ အကြံပြုခဲ့ကြပါတယ်။ ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ကတော့ အရင်အတိုင်းဘဲ လက်မခံနိုင်တဲ့အကြောင်း ပြောခဲ့ကြတယ်" လို့ဦးအေးသာအောင်က ပြောပါတယ်။

မွန်တိုင်းရင်းသား နိုင်ငွေသိမ်းကလည်း တိုင်းရင်းသားပါတီများမှ ရှေ့ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်များကို ပြတ်ပြတ်သားသားတင်ပြထားတာရှိပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးစုအခွင့်အရေးများ လျော့နည်းနေသဖြင့် လက်မခံနိုင်ကြောင်းနှင့် ရွေးကောက်ပွဲဝင်မည်မဟုတ်ကြောင်းတို့ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ NLD ဘက်က CRPP တိုင်းရင်းသားပါတီများနှင့် အကြိုညှိနှိုင်းမှုများရှိခဲ့သော်လည်း အထူးအစည်းအဝေး

**စာမျက်နှာ ၃ သို့**

## အီးယူက မြန်မာစစ်အာဏာပိုင်များအပေါ် ပြစ်ဒဏ်ခတ်မှုတနှစ်တိုး

**VOB ၊ ဧပြီလ ၂၇ ။** ။ မြန်မာပြည်ထဲတွင် စစ်မှန်သည့်တိုးတက်မှုများမရှိသည့်အတွက် နအဖစစ်အာဏာ ရှင်များအား အီးယူ ၄င်း၏ပြစ်ဒဏ်ခတ်အရေးယူမှုများအား နောက်တနှစ် သက်တမ်းတိုးချဲ့လိုက်သည်ဟု သိရသည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာပြည်အပေါ်ထားရှိသည့်သဘောထားနှင့် ရပ်တည်ချက်များကို ယခင်အတိုင်းမပြောင်းလဲပဲ မြန်မာစစ်အာဏာပိုင်များအပေါ် ကန့်သတ်မှုများအပါအဝင် ပြစ်ဒဏ်ခတ်အရေးယူမှုများအား နောက်ထပ် တနှစ်သက်တမ်းတိုးချဲ့လိုက်ခြင်းဖြစ်သည်။ အီးယူဝန်ကြီးများက မြန်မာစစ်အာဏာပိုင်များအား ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်နှင့် အရပ်သားအစိုးရသို့ ငြိမ်းချမ်းစွာပြောင်းလဲမှုပြုရန် ထပ်မံတောင်းဆိုလိုက်ပြန်သည်။

၂၇ နိုင်ငံပါဝင်သည့်ဥရောပအဖွဲ့ကြီးက ၂၀၀၆ ခုနှစ်တွင် မြန်မာစစ်အာဏာပိုင်များအား ပြစ်ဒဏ်ခတ်အရေးယူမှုများကို စတင်ပြုလုပ်ခဲ့သည်၊ စစ်ခေါင်းဆောင်များနှင့် ၄င်းတို့၏ထိပ်တန်းလက်ထောက်များကို အီးယူနိုင်ငံများသို့ လာရောက်ခွင့်ဗီဇာပိတ်ပင်ထားခြင်း၊ ၄င်းတို့ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်း၊ မြန်မာပြည်သို့ စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချခြင်းများကို ပြုလုပ်ထားသည်။ ထို့အပြင် သံတမန်ဆက်သွယ်ရေးကိုလည်း အကန့်အသတ်များဖြင့် ပြုလုပ်ခဲ့သည်။

**စာမျက်နှာ ၄ သို့**

မင်းကိုနိုင် လူ့အခွင့်အရေးဆု ချီးမြှင့်ခံရ **စာမျက်နှာ ၃**

မွန်ဘုန်းကြီးက မွန်နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲဝင်ရန် တိုက်တွန်း **စာမျက်နှာ ၇**

၂၀၁၀ ရွေးကောက်ပွဲ မဲဆွယ်ရန် ရှမ်းနှင့်ရခိုင်တွင် အက်ဖ်အမ်ရေဒီယိုကို သုံးမည် **စာမျက်နှာ ၁၁**

နော်ဝေးပါလီမန်၌ နယ်စပ်ဒေသရှိ ရာဇဝတ်မှုကိစ္စအပါဝင် မြန်မာ့အရေးဆွေးနွေး **စာမျက်နှာ ၁၇**

အဖွဲ့ချုပ်ဝင်များ ဝိုင်းအရိုက်ခံနေရတာ များ၍ စိုးရိမ်ဖွယ် ဖြစ်လာ **စာမျက်နှာ ၂**

ဒေါ်အောင်ဆန်းစုကြည်အမှု ဗိုလ်ချုပ်သန်းရွှေထံ တိုက်ရိုက်တင်မည်ဟုဆို **ကျောဖုံး**

## VOB အာဘော်

# မပျောက်ကင်းသေးသောနာဂစ်မုန်တိုင်းဒဏ်ချက်

၂၀၀၈ ခုနှစ် မေလ ၂ ရက် နှင့် ၃ ရက်နေ့များတွင် ဆိုင်ကလုန်းမုန်တိုင်းနာဂစ် က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား ပြင်းထန်စွာတိုက်ခတ်ခဲ့သည်။ လူပေါင်း တသိန်းခွဲခန့် သေကြေပျောက်ဆုံးခဲ့သည်။ လူပေါင်း ၂ သန်းခွဲခန့်တို့၏ဘဝပျက်စီးခဲ့ရသည်။ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်များ အကြီးအကျယ်ထိခိုက်ခဲ့သည်။ နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးပြီးချင်းမှာပင် လက်ရှိစစ်အာဏာပိုင်များ၏ ပြည်သူလူထုအပေါ်သဘောထားနှင့် စေတနာကို ကွက်ကွက်ကွင်းကွင်းတွေ့မြင်ခဲ့ရသည်။

နိုင်ငံတကာမှ အရေးပေါ်အကူအညီများကိုလက်ခံရန် ငြင်းဆန်နေခဲ့သည်။ ပြည်သူများ၏ ကူညီထောက်ပံ့မှုများကို ခြိမ်းခြောက်မှုများ၊ ဟန့်တားမှုများဖြင့် မုန်တိုင်းခံဒေသများ၏အခြေအနေမှန်ကို အများပြည်သူနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမသိရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုထက်ပိုဆိုးသည်မှာ မုန်တိုင်းသင့်ပြည်သူများအား ကူညီထောက်ပံ့သူများအား အကြောင်းအမျိုးမျိုးရှာကာ ဖမ်းဆီးပြစ်ဒဏ်ချမှတ်ခြင်းများပြုလုပ်ခြင်းပင်ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြေကွဲကြသည်မှာ လူတိုင်းခံစားရသည့် အရာများဖြစ်သည်။ ထိုထက်ပိုဆိုးသည်မှာ ကုသိုလ်ကံကောင်း၍ မုန်တိုင်းဘေးမှ အသက်မသေပဲ ရှင်ကျန်ရစ်သူများ၏ ဘဝကို အမြန်ဆုံးပြန်လည်ထူထောင်ရေးအတွက် ထိရောက်သောနည်းလမ်းများဖြင့် တက်ကြွသောနည်းလမ်းများဖြင့် မိမိတို့အစွမ်းရှိသမျှကြိုးပမ်းကူညီပံ့ပိုးပေးနေသူများအား ကန့်သတ်မှုများပြုလုပ်ခြင်းပင်ဖြစ်သည်။ ပြည်သူလူထုအား ကူညီပံ့ပိုးပေးလိုသော နိုင်ငံခြားသားများ၊ နိုင်ငံခြားသားအဖွဲ့အစည်းများအား သံသယစိတ်ဖြင့် စိုးထိတ်နေသည့် နိုင်ငံခြားသားကြောက်ရွံ့မုန်းတီးစိတ်သည် နအဖစစ်အာဏာပိုင်များတွင် စွဲနေသည်။ ထိုမျှမကသေး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်သည့် မြန်မာပြည်တွင်းမှ တသီးပုဂ္ဂလများ၊ အဖွဲ့ငယ်များမှ ပုဂ္ဂိုလ်များအား ထောင်ဒဏ်အပြစ်ပေးမှုများကို ပြုလုပ်နေခြင်းများဖြစ်သည်။

မုန်တိုင်းဘေးမှ လွတ်မြောက်ကာ အသက်မွေးဝမ်းကျောင်းဘဝပြန်လည်ထူထောင်ရေးအတွက် နိုင်ငံအစိုးရအနေဖြင့် ဘက်ပေါင်းစုံ နည်းပေါင်းစုံဖြင့် ကြိုးပမ်းရမည်ဖြစ်သည်။ မိမိတို့မိသားစုဝင်များ ဆုံးရှုံးခဲ့ရခြင်းအတွက် ကြေကွဲဝမ်းနည်းရမှုကို ကျော်လွှားရန်ကြိုးပမ်းနေရင်းနှင့် ဘဝရှင်သန်ရေးအတွက်ကြိုးပမ်းမှုများကို တပြိုင်နက်တည်းလုပ်ဆောင်နေရသူ မုန်တိုင်းဘေးသင့်သူများ၏ ဒဏ်ရာဒဏ်ချက်များသည် ပြင်းထန်ကြီးမားလှပေသည်။

နာဂစ်မုန်တိုင်းဘေးသင့်ခဲ့သည်မှာ တနှစ်ပြည့်တော့မည်ဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် သဘာဝပတ်ဝန်းကျင်အနေအထား၊ စီးပွားရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးအခြေခံအဆောက်အအုံများနှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများ၏ ဘဝပြန်လည်ထူထောင်ရေး၊ စိတ်ပိုင်းဆိုင်ရာခံစားမှုများကို ကုစားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများထူထောင်ရေးသည်အရေးကြီးသောလုပ်ငန်းများဖြစ်သည်။ ထိုအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ကူညီထောက်ပံ့မှုများရရှိမည်ဖြစ်သည်။ ပြည်တွင်းရှိ ပြည်သူများ၏စေတနာ့ဝန်ထမ်းစိတ်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးမှုများကိုရရှိရန် ကြိုးပမ်းနိုင်ရေးသည်လည်း စစ်အာဏာရှင်များအလေးထားလုပ်ဆောင်ရမည့်လုပ်ငန်းတရပ်ဖြစ်သည်ကို သတိပြုရန်လိုအပ်ပြီး အလေးထားလုပ်ဆောင်ရမည်ဟု ရေးသားလိုက်ရပေသည်။

---

# အဖွဲ့ချုပ်ဝင်များ ဝိုင်းအရိုက်ခံနေရတာများ၍ စိုးရိမ်ဖွယ်ဖြစ်လာ

**DVB ၊ ဧပြီ ၂၂ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေအပေါ် အုပ်စုလိုက်ဝိုင်းရိုက်တာ၊ ချောင်းရိုက်တာတွေ မကြာခဏဖြစ်ပေါ်နေတဲ့အတွက် အထူးစိုးရိမ်စရာ ဖြစ်လာနေပြီလို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောကြားလိုက်ပါတယ်။

ပြီးခဲ့တဲ့ သင်္ကြန်တွင်းမှာတင် အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင်တဦးဖြစ်တဲ့ လွှတ်တော်ကိုယ်စား လှယ် ဦးသိန်းညွှန့်အပါအဝင် တွံတေးမြို့က အဖွဲ့ချုပ်လူငယ် ၂ ဦး အရိုက်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆက်သွယ်မေးမြန်းစဉ် ဦးဉာဏ်ဝင်းက ခုလို ပြောကြားလိုက်တာပါ။ ဒီ ရိုက်နှက်မှုတွေဟာ အဖွဲ့ချုပ်အပေါ် စီမံချက်ချပြီး စနစ်တကျနှိပ်ကွပ်နေတာလားလို့ မေးခွန်းထုတ်စရာ ဖြစ်နေပြီလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ဒီလိုပြောရတဲ့ အထောက်အထားတော့ ကျနော်တို့မှာ မရှိဘူး။ အနှစ် ၂၀ လုံးလုံး အန်အယ်လ်ဒီကို အမျိုးမျိုးနှိပ်ကွပ်တဲ့အထဲမှာ ဒါဟာ နောက်ဆုံးနည်းလမ်းတခုဖြစ်နိုင်တယ်လို့ အဲ့လိုတွက်နေတာ၊ စီမံချက်ချ နှိပ်ကွပ်တယ်ဆိုရင် ဒီအချိန်မှာ တရားဥပဒေဟာ သိပ်ပြီးတော့ အာဏာသက်ရောက်မှုမရှိဘူးဖြစ်နေတာပေ့ါ။ အဲ့ဒါတွေကို ခြုံပြီးတော့ စီမံချက်ချနှိပ်ကွပ်နေတာလားလို့ စိုးရိမ်တာပါ။”

အသက် ၆၅ နှစ်အရွယ် ဦးသိန်းညွှန့်ဟာ ဧပြီလ ၁၆ ရက်နေ့ ညနေပိုင်းမှာ အိမ်ခြံဝန်းထဲမှာတင် အမည်မသိလူတဦး ချောင်းရိုက်တာခံခဲ့ရပါတယ်။ ဒီကိစ္စကို မြို့နယ်ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားတဲ့အတွက် တနင်္လာနေ့က အမှုလိုက်အရာရှိတဦး အိမ်ကိုလာရောက်စစ်ဆေးသွားတယ်လို့ ဦးသိန်းညွှန့်ရဲ့ သား ဦးခိုင်မင်းက ပြောပါတယ်။

“အခင်းဖြစ်တဲ့ နေရာတွေအကုန်လုံးကိုစစ်ဆေးတယ်၊ အဲ့ဒီနေ့ကရိုက်တဲ့ တုတ်အပိုင်းအစလို့ ထင်ရတဲ့ဟာတွေကို သိမ်းသွားတယ်။ အဖေ့ကိုလည်း နည်းနည်းမေးပါတယ်။ နောက် အမေ့ကိုလည်း မေးတယ်။ ကျနော်တို့ကိုလည်း မေးတယ်။ သူက ဖြစ်စဉ်ကိုပဲ အဓိကမေးတာ။ အဲ့လူကို မှတ်မိလားပေ့ါ။ ကျနော်လည်းမမှတ်မိဘူးလေ။”

ဧပြီလ ၁၈ ရက်နေ့ကလည်း တွံတေးမြို့ အဖွဲ့ချုပ်ဝင် လူငယ်တွေဖြစ်တဲ့ ကိုဘိုဘိုအောင်နဲ့ မအိမွန်သဲတို့ဟာ ကွမ်းခြံပိုင်ရပ်ကွက် ရာအိမ်မှူး ကိုပေါက်ပေါက်နဲ့ အပေါင်းအပါ ၃၀ လောက်က ဝိုင်းရိုက်တာကိုခံခဲ့ရပါတယ်။ အလားတူ ဧပြီလ ၁၁ ရက်နေ့ကလည်း တွံတေးအဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုဝင်းကြိုင်ကို နယ်မြေခံ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင် ကိုဖြိုးတင့်နဲ့အဖွဲ့က ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပါတယ်။ ဒီလို အဖွဲ့ချုပ်ဝင်တွေ အရိုက်ခံနေရတဲ့ကိစ္စအပေါ် တရားဥပဒေအရတရားစွဲရင် တရားလိုဘက်ကနေပါဝင်ဆောင်ရွက်နိုင်ပေမယ့် အမှုကိုလုံးဝမတင်တဲ့အတွက် အဖွဲ့ချုပ်ဗဟိုအနေနဲ့ ဘာမှမလုပ်နိုင်ဖြစ်နေတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“အလွတ်စုံထောက်လည်းမရှိဘူး၊ ကျနော်တို့က အကြမ်းမဖက်ရေးမူဆိုတော့ ဒီဟာကို ခါးစည်းပြီး ခံနေရတဲ့သဘောပါ။ အခုမှ မဟုတ်ပါဘူး၊ ဒါကြာပါပြီ။ ဦးမောင်ကိုတို့ လက်ထက်ကတည်းက အထဲမှာ ညှဉ်းပမ်းနှိပ်စက်လို့ သေခဲ့ရတဲ့ အဖြစ်အပျက်တွေလည်း အများကြီးပဲ။ သို့သော် ကျနော်တို့က ကိုယ့်ယုံကြည်ချက်နဲ့ပတ်သက်ပြီးတော့ လျှော့မှာမဟုတ်ဘူး၊ လုပ်စရာရှိတာလုပ်မှာပဲ။”

# ပါတီအထူးအစည်းအဝေးတက်မည့်အဖွဲ့ ချုပ်ဝင်များကို အာဏာပိုင်များနှောင့်ယှက်

**RFA ၊ ဧပြီလ ၂၃ ။ ။** လာမယ့် မေ ၂၈ ရက်နဲ့ ၂၉ ရက်နေ့ ပါတီရုံးချုပ်မှာပြုလုပ်မယ့် NLD ပါတီ ပြည်နဲ့တိုင်း မြို့နယ်ပေါင်းစုံဆွေးနွေးပွဲအတွက် နယ်လှည့် ဖိတ်ကြားနေတဲ့ပါတီဝင်တွေကို ဒေသဆိုင်ရာအာဏာပိုင်တွေက တားဆီးနှောင့် ယှက်နေတယ်လို့ စုံစမ်းသိရှိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၂၁ ရက်နေ့က အိမ်မဲမြို့နယ် NLD ပါတီဥက္ကဋ္ဌဦးမောင်မောင်ကြီး မြောင်းမြမြို့နယ် စကားများရွာကိုသွားပြီး အစည်းအဝေးအတွက်ဖိတ်ကြားတာကို မြောင်းမြမြို့နယ်အတွင်းရေးမှူးက ဧည့်စာရင်းတိုင်ထားပေးခဲ့ပါတယ်။ ဒါပေမယ့် ည ၁၀နာရီလောက်မှာ အာဏာပိုင်တွေက သူတို့ရွာမှာ တရက်ဘဲနေခွင့်ပြုနိုင်မယ်ဖြစ်ကြောင်း ပြောတယ်လို့သိရပါတယ်။ ဦးမောင်မောင်ကြီးကအခုလို ပြောပြပါတယ်။

"ဥက္ကဋ္ဌတွေ၊ အဖွဲ့ဝင်တွေကိုယ်တိုင်လာခေါ်တယ်ခင်ဗျ။ ကျနော်တို့အဲဒီကျေးရွာ ရယက ရုံးကိုလိုက်သွားပါတယ်။ လိုက်သွားတဲ့အခါကျတော့ ကျနော့်ကို ဘာပြောလာသလဲဆိုတော့ ဦးလေးကိုကျနော့်ရွာမှာ ဒီတညဘဲတည်းခိုခွင့်ပြုနိုင်ပါမယ်တဲ့။ မနက်ဖြန်ကို ကျနော်တို့ရွာမှာဆက်ပြီးတည်းခိုခွင့်မပြုနိုင်ပါဘူးတဲ့။"

ဒီကိစ္စနဲ့ပတ်သက်ပြီး စကားများကျေးရွာအုပ်စုဥက္ကဋ္ဌနဲ့ ည ၁၂ နာရီလောက်အထိ အချေအတင်ဆွေးနွေးရတယ်လို့ ဦးမောင်မောင်ကြီးကပြောပါတယ်။ မိမိဟာဧည့်စာရင်းတိုင်ပြီးသားဖြစ်တဲ့အပြင် ဘာပြစ်မှုမှကျူးလွန်ခဲ့တာမရှိဘူးလို့ ပြောဆိုပြီး မိမိအလုပ်ကိစ္စပြီးမှပြန်မှာဖြစ်ကြောင်း ပြန်လည်ဆွေးနွေးတယ်လို့ဆိုပါတယ်။

"ဦးလေးတယောက်တည်းကိုဘဲ မင်းအခုထွင်းပြီးတော့ ဒီတညဘဲရွာဧည့်စာရင်းပေးတာလား။ အခြားအခြားသောဧည့်သည်တွေလာရင်ကော ဦးလေးလိုဘဲ မင်တရက်တည်းပေးသလား၊ ဦးလေးသိတာတော့ အနည်းဆုံးမင်းတို့ ၇ ရက်အခြားလူတိုင်းကိုပေးတယ်။ ဦးလေးကျမှဘာဖြစ်လို့ဒီတရက်တည်းပြန်ရမယ်လို့ နှင်ထုတ်နေတာလဲ။ အဲဒီ ၁၂ နာရီလောက်ကျမှ နောက်ဆုံးကျနော်က ကျနော့်ကိစ္စပြီးမှပြန်မယ်လို့ဆွေးနွေးတဲ့အခါ နောက်ဆုံးကျတော့ ဦးလေးရယ်တဲ့ ကျနော့်ကိုနားလည်ပေးပါ၊ ကျနော်ပြောချင်လို့ပြောရတာမဟုတ်ပါဘူးတဲ့။ ကျနော့်အထက်အဖွဲ့အစည်းတွေက မယကဥက္ကဋ္ဌဦးတင့်နိုင်တို့ ခယကဥက္ကဋ္ဌဦးအေးဟန်တို့ကနေပြီးအမိန့်ပေးလို့ ခိုင်းလို့ပြောရတာပါတဲ့။"

အခုလို လာမယ့် ဧပြီလ ၂၈ ရက်နဲ့ ၂၉ ရက်နေ့များမှာပြုလုပ်မယ့် NLD ပါတီရဲ့ ပြည်နယ်နဲ့တိုင်း၊ မြို့နယ်ပေါင်းစုံဆွေးနွေးပွဲအတွက် နယ်လှည့်နေသူပါတီဝင်တွေအနေနဲ့ အနှောင့်အယှက်မျိုးစုံခံနေရပေမယ့် စစ်အစိုးရအာဏာပိုင်များနဲ့ စစ်အစိုးရထောက်ခံမှုရထားတဲ့အဖွဲ့အစည်းများ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး နယ်လှည့်စည်းရုံးရေးဆင်းနေတာကိုတော့ ဒေသအာဏာပိုင်တွေကိုယ်တိုင် လိုက်ပြီးစီစဉ်ပေးနေတယ်လို့ စုံစမ်းသိရှိရပါတယ်။

---

**မျက်နှာဖုံးမှ**

အတွက်မူ တိုင်းရင်းသားပါတီကိုယ်စားလှယ်များကို ဖိတ်ကြားထားခြင်းမရှိကြောင်း ပြောပါတယ်။

မန္တလေးတိုင်း၊ NLD လူငယ်ပါတီဝင်တဦးကမူ "အစည်းအဝေး တက်ရောက်ဘို့စာမှာ ရေးထားတဲ့ လူငယ်ဖော်ဆောင်ရေးဆိုတာက တိုင်းမှာမရှိဘူး။ တိုင်းမှာက လူငယ်အကူအညီပေးရေးဘဲရှိတယ်။ ဗဟိုအဖွဲ့ချုပ်ရုံးမှာဘဲ လူငယ်ဖော်ဆောင်ရေးအဖွဲ့ရှိတယ်။ ဒီကနေ လူငယ်ဖော်ဆောင်ရေးအဖွဲ့ထဲမှာ ပါထားတဲ့လူတွေတော့သွားမယ်၊ ဘယ်သူသွားမယ်၊ ဘာတွေဆွေးနွေးဖြစ်မယ်ဆိုတာတော့ မပြောနိုင်သေးဘူး" ဟုပြောပါတယ်။

အဆိုပါ အထူးအစည်းအဝေးတွင် ဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် NLD ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်ဖော်ဆောင် ရေးတာဝန်ခံများ ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်ရာ ပါတီသက်တမ်းအနှစ်နှစ်ဆယ်ကျော်အတွင်း တတိယအကြိမ်မြောက် အကျယ်ပြန့်ဆုံးအစည်းအဝေးဖြစ်မည်ဟု မျှော်လင့်ကြသည်။ ၁၉၉၀ ရွေးကောက်ပွဲဝင်မည့်အမတ်လောင်းများ၊ ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီဝင်များစည်းဝေးနိုင်ခဲ့ခြင်း၊ ၁၉၉၇ ခုနှစ်တွင် တိုင်းနှင့်ပြည်နယ်များမှ ခေါင်းဆောင်အဆင့်ဆင့်တို့ပါဝင်သော အစည်းအဝေး ပြုလုပ်နိုင်ခြင်းတို့နောက်တွင် NLD ပါတီအနေဖြင့် အထူးအစည်းအဝေးများ ပြုလုပ်နိုင်ခြင်းမရှိပေ။

၂၀၀၃ ခုနှစ်၊ ဒီပဲယင်းအရေးအခင်း နောက်ပိုင်းတွင်လည်း NLD ပါတီနယ်ရုံးခွဲများကို နအဖ အစိုးရက အကြောင်းပြချက်မရှိဘဲပိတ်ခိုင်းခဲ့ရာ ယခုအချိန်အထိဖြစ်သည်။

---

# မင်းကိုနိုင် လူ့အခွင့်အရေးဆုချီးမြှင့်ခံရ

**Irrawaddy ၊ ဧပြီလ ၂၄ ။ ။** တောင်ကိုရီးယားနိုင်ငံမှ ၂၀၀၉ ခုနှစ်၊Gwangju လူ့အခွင့်အရေးဆုကို ၈၈ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အား ရွေးချယ်လိုက်ကြောင်း NLD-LA ကိုရီးယားဌာနခွဲက ပြောပါ တယ်။

NLD-LA ကိုရီးယားဌာနခွဲမှ အတွင်းရေးမှူး ၂ ဖြစ်သူ ကိုဇော်မိုးအောင်က "နိုင်ငံတကာအသီးသီးက ဒီဆုရရှိဘို့အတွက် စာရင်းတင်သွင်းကြတယ်။ အဲဒီအထဲမှာမှ မြန်မာနိုင်ငံက ကိုမင်းကိုနိုင်ကို ရွေးချယ်လိုက်ပြီဆိုတဲ့အကြောင်း Gwangju မြို့မှာရှိတဲ့ May 18 Foundation က ဒီနေ့မနက် ၁၁ နာရီမှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်" ဟုပြောပါတယ်။

ယင်းဆုပေးအပ်ပွဲအခမ်းအနားကို လာမည့်မေလ ၁ ရက်နေ့ညနေပိုင်းတွင် Gwangju မြို့ရှိ May 18 Memorial ခမ်းမတွင် ချီးမြှင့်ပေးအပ်မည်ဖြစ်သည်ဟုလည်း ဆိုပါတယ်။ Gwangju ဆုတွင် ရွှေတံဆိပ်ဆုအပါအဝင် ကိုရီးယားဝမ် သန်း ၅၀ နှင့် ဂုဏ်ပြုဘွဲ့လက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ယင်းဆုအတွက် ကိုရီယား NLD အဖွဲ့က မတ်လတွင် အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းသို့အဆိုတင်သွင်းရန် ကိုမင်းကိုနိုင်၏ ကိုယ်ရေးသမိုင်းနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဗဟိုဌာနချုပ်တို့မှ ကူညီပြုစုပေးခဲ့သည်။

ထိုဆုကို ကိုရီယားနိုင်ငံ နိုင်ငံရပ်ခြားမှတသီးပုဂ္ဂလများ၊ အစုအဖွဲ့များနှင့် အဖွဲ့အစည်းတို့မှ လူ့အခွင့်အရေးလှုပ်ရှားသူ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ကိုင်သူတို့ကို ချီးမြှင့်ခြင်းဖြစ်သည်။ ၁၉၈၀ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ စစ်အာဏာရှင်စနစ်ကို Gwangju မြို့ရှိ ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့သည့် ကျောင်းသားလှုပ်ရှားမှု၊ ဒီမိုကရေစီလူထုအုံကြွမှုစိတ်ဓာတ်ကို ဂုဏ်ပြုသောအားဖြင့် ယင်းလူ့အခွင့်အရေးဆုကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုဆုကို ၂၀၀၄ ခုနှစ်တွင်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ယင်းဆုနှင့်ရွှေတံဆိပ်ဆုကို ယခုအချိန်အထိ NLD-LA မှဆက်လက်ထိန်သိမ်းထားဆဲဖြစ်ကြောင်းလည်း ကိုဇော်မိုးအောင်ကပြောပါတယ်။ Gwangju လူ့အခွင့်အရေးဆုကိုပေးအပ်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀ နှစ်ပြည့်မြောက်ပြီဖြစ်ပြီး ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင်ပူးတွဲပေးအပ်ခဲ့သည်။ ဆုရသူများထဲတွင် အရှေ့တီမောလ်မှ ရှာနားနာဂတ်စ်မိုး၊ မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်၊ အင်ဒိုနီးရှားနိုင်ငံမှ ဝါဒတ်ရှိဟာဖိဇ်၊ အာဖဂန်နစ္စတန်မှ မာတာလိုင်ဖိုယာနှင့် အိန္ဒိယမှ အိုင်ရွမ်ရှာမိလာတို့ဖြစ်သည်။

ယင်းအဖွဲ့ဆုပေးပွဲမတိုင်မီ လာမည့်မေလ ၁၆ ရက်နေ့တွင်လည်း May 18 Memorial ခန်းမတွင်ပင် မြန်မာ့အရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

# ရှမ်းပြည်နယ်က ရာဘာရှူးများ

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကချင်နဲ့ရှမ်းပြည်နယ်က တရုတ်–မြန်မာနယ်စပ်ဒေသတွေမှာ ဘိန်းကိုအစားထိုးတဲ့အနေနဲ့ ရာဘာပင်တွေစိုက်ပျိုးပါတယ်။ ထွက်သမျှကြက်ပေါင်စေးကို တရုတ်ကဝယ်မှာမို့ ရာဘာပင်စိုက်တာ အကျိုးအမြတ်အရှိဆုံးလို့ယူဆကြပါတယ်။ ဒါပေမယ့် ရာဘာပင်စိုက်တိုင်း ပြည်သူ့အတွက် အကျိုးရှိတာမဟုတ်ကြောင်း လွန်ခဲ့တဲ့ဂျန်နဝါရီလက နယ်သာလန်နိုင်ငံ Transna tional Insitute ကထုတ်ဝေတဲ့ ရွှေတြိဂံနယ်မြေအခြေအနေ With-drawal Symtoms in Golden Triangle စာအုပ်မှာ အကျယ်တဝင့် ဖော်ပြထားပါတယ်။

အတတ်ပညာဗဟုသုတအားနည်းရင် ရာဘာလုပ်ငန်းဟာ မျှော်လင့်သလိုဖြစ်ဘို့အလားအလာနည်းကြောင်း LNDO လားဟူအဖွဲ့ရဲ့ဧပြီလထုတ် Under-current စာစောင်မှာဖော်ပြထားပါတယ်။ တရုတ်ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံလိုတာရယ် တိုင်းရင်းသားလက်နက်ကိုင်တွေအဘို့ အခြားနည်းလမ်းမရှိတော့တာရယ် ဗမာစစ်အစိုးရကဘိန်းမဲ့ဒေသလုပ်ချင်တာရယ် စတဲ့အကြောင်းတွေကြောင့် ရာဘာခြံတွေပေါ်ပေါက်လာတာပါဘဲ။ ဒါပေမယ့် မျိုးညံ့တဲ့ရာဘာကိုစိုက်မိရင် အကျိုးအမြတ်ရဘွယ်မရှိနိုင်ဘူးလို့ဆိုပါတယ်။

ဒီအတောအတွင်း အပစ်အခတ်ရပ်စဲထားတဲ့အုပ်စုတွေ လက်နက်စွန့်ပြီး ရွေးကောက်ပွဲဝင်ကြဘို့ စစ်အစိုးရကတိုက်တွန်းနေတဲ့အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ နိုင်ငံရေးမတည်မငြိမ်ဖြစ်နေပြီး အချိန်မရွေးတိုက်ပွဲဖြစ်နိုင်တယ်လို့ သိရပါတယ်။ ဒီနှစ်အစောပိုင်းက အစိုးရတပ်နဲ့ ‘ဝ’တပ်ဖွဲ့ ပစ်ကြခတ်ကြတယ်။ ‘ဝ’ပြည်နယ်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ဟာ ဗမာစစ်အစိုးရကိုအယုံအကြည်မရှိလို့ လက်နက်စွန့်မှာမဟုတ်ဘူးလို့ဆိုပါတယ်။ ဗမာစစ်အစိုးရကလည်း ရှမ်းပြည်နယ်မှာတဖြည်းဖြည်း စစ်အင်အားချဲ့နေပြီး မကြာမီကဘဲ မိုင်းဆတ်ကိုသံချပ်ကာစစ်ကားအစီး ၂၀ ရောက်လာကြောင်း ဂျန်နဝါရီလထုတ်ရှမ်း Independence စာစောင်မှာ ဖော်ပြပါတယ်။ ဒီလိုအခြေအနေမှာ တိုင်းရင်းသားလက်နက်ကိုင်၊ ဗမာစစ်အစိုးရနဲ့ တရုတ်စီးပွားရေးသမားတွေက ရာဘာစိုက်ချင်နေကြတာဖြစ်ပါတယ်။

ကမ္ဘာမှာ ရာဘာအများဆုံးသုံးတာ တရုတ်ပြည်ပါ။ ရာဘာထွက်ပေမယ့် မလောက်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေမှာ ရာဘာစိုက်ဘို့အားပေးပါတယ်။ တရုတ်ပြည်အတွက် လာအိုမှာရာဘာစိုက်တာအောင်မြင်လို့ မြန်မာပြည်ကိုလာအိုလိုဖြစ်လာအောင်ကြိုးပမ်းနေပါတယ်။ အစိုးရစာရင်းဇယားအရ ၂၀၀၆ မှာကေ ၇ သိန်းကျော်စိုက်ပျိုးခဲ့ပြီး ၂၀၀၈ မှာနောက်ထပ်ကေ ၂ သိန်းကျော်စိုက်တယ်လို့ သိရပါတယ်။ မြန်မာ့ရာဘာကို ၁၅%သာပြည်တွင်းမှာသုံးပြီး ကျန်တာကို တရုတ်၊ မလေးရှားနဲ့စင်္ကာပူကိုတင်ပို့ပါတယ်။ ရာဘာလုပ်ငန်းဟာ ‘ဝ’တပ်ဖွဲ့အတွက် ငွေရှာပေးလိမ့်မယ်လို့ယူဆပုံရပါတယ်။

‘ဝ’ခေါင်းဆောင် ဘောင်ယူချန်ကစပြီး ရာဘာလုပ်ငန်းမှာရင်းနှီးမြှုပ်နှံပါတယ်။ ရာဘာတပင်စိုက်ရင် ရွာသားတဦးကို ဘတ်ငွေ ၃ ဘတ်လောက်ပေးတာမို့ ဒေသခံတွေလောလောဆယ်အကျိုးခံစားရပေမယ့် ‘ကြက်ပေါင်စေး’လို့ခေါ်တဲ့ ရာဘာစေးထွက်ဘို့ ၇ နှစ်စောင့်ရတာမို့ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာခန့်မှန်းလို့မရနိုင်ပါဘူး။ ရာဘာစိုက်ရာမှာ မျိုးကောင်းမျိုးသန့်ရဘို့ အလွန်အရေးကြီးပါတယ်။ မျိုးကောင်းတဲ့ရာဘာပင်က အဖူးအညွှန့်ကိုဖြတ်ယူပြီး အပင်ပေါက်မှာ ကိုင်းကူးကိုင်းဆက်လုပ်ပေးနိုင်ရင် အစေးများများထွက်တဲ့ ရာဘာပင်ကိုရနိုင်ပါတယ်။ ဒီနေရာမှာ အတတ်ပညာဟာအရေးကြီးပါတယ်။ မျိုးညံ့တဲ့ရာဘာပင်စိုက်မိရင် ၇ နှစ်ကြာမှ ကြက်ပေါင်စေးမထွက်မှန်း သိနိုင်မှာဖြစ်ပါတယ်။

ဗမာစစ်ဗိုလ်နဲ့တရုတ်ဖက်စပ်လုပ်ပြီး ရာဘာစိုက်တာလည်းရှိပါတယ်။ တာချီလိတ်အရှေ့ဘက် ကျိုင်းလတ်မြို့နယ်မှာ ရာဘာစိုက်ဘို့စစ်ဗိုလ်ကအမိန့်ထုတ် တရုတ်ကငွေရင်းစိုက် ရွာသူရွာသားတွေကလုပ်အားစိုက်ပါတယ်။ စာချုပ်စာတမ်းမရှိဘဲ နှုတ်ကတိကိုယုံကြည်ပြီး ရာဘာစိုက်တဲ့လယ်သမားတွေဟာ တရုတ်လက်အောက်ခံအလုပ်သမားဖြစ်သွားတာများပါတယ်။ တကယ်တော့ တရုတ်ကုမ္ပဏီနဲ့ ‘ဝ’အာဏာပိုင်တွေကဘဲ ရာဘာစိုက်ပျိုးနိုင်ကြပါတယ်။ အစပိုင်းမှာမြေရှင်း မျိုးစေ့ကျဲ ပေါင်းသင် စတာတွေလုပ်ရပေမယ့် နောက်ပိုင်းမှာ ရာဘာပင်က အစေးထွက်တဲ့အထိ အလုပ်မရှိတော့တဲ့အတွက် ဝင်ငွေလည်းမရှိတော့ပါဘူး။ လောလောဆယ်အကျိုးအမြတ်ခံစားရသူဟာ ဗမာစစ်ဗိုလ်ပါ။ ဒါပေမယ့် တရုတ်ဆီက ငွေဘယ်လောက်ရတယ်ဆိုတာ သိနိုင်ဘို့ခက်ပါတယ်။

ရာဘာပင်တွေများလာလေလေ တောင်သူလယ်သမားတွေ စပါးစိုက်တဲ့မြေယာလည်း ကျဉ်းမြောင်းလာလေလေမို့ လားဟူနဲ့အခါတွေ စားဝတ်နေရေးအခက်ကြုံတွေ့နေရပါတယ်။ လားဟူပြည်သူ့စစ်ခေါင်းဆောင်တွေကလည်း တာချီလိတ်နဲ့မိုင်းဆတ်မြို့နယ်တွေမှာ ရာဘာစိုက်ကြပါတယ်။ ရာဘာပင်ပေါက်ကိုတရုတ်ဆီကဝယ်ယူပြီး တပ်သားနဲ့ရွာသားကို ငွေပေးပြီးစိုက်ခိုင်းတာပါဘဲ။ ဗမာစစ်ဗိုလ်နဲ့ ဒေသခံအာဏာပိုင်တွေကလည်း ရာဘာလုပ်ငန်းမှာငွေရင်းမြှုပ်နှံပါတယ်။ ရာဘာစိုက်သူများလေလေ စိုက်စရာမြေနည်းလာလေလေမို့ ဒေသခံတွေ သုံးစရာမြေလည်းကျဉ်းမြောင်းလာပါတယ်။

ယူနန်အခြေစိုက် ဟောင်ယုကုမ္ပဏီဟာ မြန်မာ့ရာဘာလုပ်ငန်းမှာအကြီးဆုံးပါဘဲ။ ၁၉၉၅ က ယူနန်ပြည်နယ် ကွန့်မင်မှာတည်ထောင်ခဲ့တဲ့ကုမ္ပဏီဖြစ်ပြီး ၁၉၉၈ လောက်ကတည်းက ဗမာစစ်အစိုးရနဲ့စတင်ဆက်သွယ်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၄ က ၂၀၁၄ အထိ ဆယ်နှစ်အတွင်း တာချီလိတ်မြို့နယ်မှာ ရာဘာကေနှစ်သိန်းခွဲစိုက်ပျိုးဘို့ ဟောင်ယုကုမ္ပဏီကစီမံကိန်းချထားပါတယ်။ မိုင်းဆတ်မှာလည်းစိုက်ပျိုးခွင့်ရထားပါတယ်။ ဒီလိုလုပ်ပိုင်ခွင့်ရအောင် စစ်အာဏာပိုင်တွေကဆက်ကြေးဘယ်လောက်ပေးရ တယ်ဆိုတာကိုတော့ မသိနိုင်ပါဘူး။

ဘိန်းအစား ရာဘာကြက်ပေါင်စေးနဲ့ အခြားသီးနှံစိုက်ပျိုးဘို့ တရုတ်အစိုးရကအားပေးပါတယ်။ ဘိန်းအစားထိုးလုပ်ငန်းအတွက်ဆိုရင် အလွယ်တကူအစိုးရဘဏ်မှာ ငွေချေးနိုင်အောင်လည်းစီစဉ်ပေးထားပါတယ်။ စိုက်ပျိုးတဲ့နေရာအကျယ်အဝန်းချင်းအတူတူ ရာဘာက ဘိန်းထက်နှစ်ဆဈေးပိုရတဲ့အတွက် ရာဘာ စိုက်ရင်ချမ်းသာမယ်၊ ရာဘာဟာပျက်စီးတာမျိုးလည်းမရှိ၊ သယ်ယူပို့ဆောင်ရာမှာ ဝန်ကျဉ်းတဲ့အတွက် ဘိန်းကိုအစားထိုးဘို့အကောင်းဆုံးဖြစ်တယ်လို့ယူဆကြပါတယ်။ တရုတ်ကုမ္ပဏီတွေဟာ မြန်မာနဲ့လာအိုမြောက်ပိုင်းက ရာဘာခြံတွေမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။

ဘိန်းအစားထိုးစီမံကိန်းကိုအကောင်အထည်ဖော်ရာမှာ တရုတ်အစိုးရဟာ ပုဂ္ဂလိကကုမ္ပဏီတွေကိုသုံးတဲ့အတွက် ပြဿနာဖြစ်ရတာလို့လည်းဆိုပါတယ်။ ဘိန်းအစားထိုးစီမံကိန်းကို တရုတ်အစိုးရက ကမကထလုပ်ထားတာကြောင့် ပါဝင်လုပ်ကိုင်မယ့်ကုမ္ပဏီတွေဟာ အစိုးရဘဏ်က **တဘက်သို့**

**မျက်နှာဖုံးမှ**

အီးယူ၏ မြန်မာကိုယ်စားလှယ်သည် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ မြန်မာ့အရေး တက်ကြွစွာပါဝင်လုပ်ဆောင်နေသည့် နိုင်ငံအစိုးရများ၊ မြန်မာပြည်နှင့် အိမ်နီးချင်းနိုင်ငံများမှအစိုးရများနှင့် တွေ့ဆုံကာ သဘောထားများမေးမြန်းဆွေးနွေးခဲ့ပြီးနောက် မြန်မာစစ်အာဏာပိုင်များက ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်သည်ကို မြင်တွေ့ရပါက ပြစ်ဒဏ်ခတ်အရေးယူမှုများကို လျှော့ချရန်စဉ်းစားမည်ဟု ပြောဆိုခဲ့သည်။ သို့သော်လည်း မြန်မာစစ်အာဏာပိုင်များကမူ သိသာတိုးတက်သည့်ပြောင်းလဲမှုဖော်ဆောင်ရန် အရိပ်အယောင်မပြပဲ ပြစ်ဒဏ်ခတ်အရေးယူမှုများကိုဖယ်ရှားပေးရန်နှင့်သို့မှသာတိုင်းပြည်တိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဟု မြောက်ကိုရီးယားလေသံမျိုးပြောဆိုခဲ့လေသည်။

# ဂျပန်ရောက်မြန်မာတွေက ချွေးနဲစာတွေနဲ့ AAPP နဲ့ ABSDF ကို ထောက်ပံ့မည်

**DVB ၊ ဧပြီ ၂၁ ။** ။ ဂျပန်နိုင်ငံမှာအလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားတွေက ထိုင်းနယ်စပ်အခြေစိုက်အဖွဲ့တွေဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးတို့ကို တပ်အားသရွေ့ ကူညီထောက်ပံ့သွားမယ်လို့ ပြောပါတယ်။

ဂျပန်နိုင်ငံကို ခေတ္တရောက်ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းရဲ့ တွဲဘက်အတွင်းရေးမှူးဦးဘိုကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးရဲ့ ဥက္ကဋ္ဌဦးသံခဲတို့နဲ့ ဂျပန်ရောက်မြန်မာနိုင်ငံသားများတွေဆုံဆွေးနွေးပွဲမှာ အခုလိုဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ဒီလ ၁၉ ရက်နေ့က ပြုလုပ်တာဖြစ်ပြီး မြန်မာနိုင်ငံသား ၉၀ ကျော် တက်ရောက်တယ်လို့ သိရပါတယ်။ အဲဒီတွေ့ဆုံဆွေးနွေးပွဲကပဲ ထိုင်းနယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုတွေကို ကူညီထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့ကြတယ်လို့ ကိုဘုန်းမြင့်ထွန်းက ပြောပါတယ်။

"ဂျပန်နိုင်ငံမှာရောက်နေတဲ့ ဗမာနိုင်ငံသားတွေက တိုင်းပြည်ထဲမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး အလှမ်းဝေးနေတယ်ဆိုပေမယ့် တိုင်းပြည်နဲ့ပတ်သက်တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ရင်ထဲမှာ အမြဲရှိနေတယ်ဆိုတဲ့ အကြောင်းတွေရယ်၊ နောက်ပြီးတော့ သူတို့ လုပ်ကိုင်ရှာဖွေထားတဲ့ ချွေးနဲစာတွေနဲ့နိုင်ငံရေးအကျဉ်းသားထောက်ပံ့တာရယ်၊ ကျောင်းသားတပ်မတော်တွေကို ထောက်ပံ့တာရယ် လုပ်ကိုင်ဖို့အတွက် စိတ်ပါလက်ပါ အားရဝမ်းသာစွာနဲ့ ဆက်လက်ပြီးတော့ လုပ်ဆောင်သွားမယ်ဆိုတဲ့အကြောင်းလည်း တော်တော်ကြာ ဆွေးနွေးဖြစ်ပါတယ်။"

ဂျပန်ရောက်မြန်မာနိုင်ငံသားတွေဟာ ငွေကြေးကူညီထောက်ပံ့မှုတွေအပြင် နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ဟန်ချက်ညီညီလုပ်ဆောင်ဖို့ ဂျပန်ပါလီမန်လွှတ်တော်က မြန်မာ့ဒီမိုကရေစီအရေး ကူညီလုပ်ဆောင်တာတွေကို ကိုဘုန်းမြင့်ထွန်းကပဲ ပြောပါတယ်။

"နယ်စပ်ဒေသနဲ့ ဂျပန်မှာရောက်ရှိနေတဲ့ ဗမာလူမျိုးတွေ၊ တိုင်းရင်းသားတွေအကုန်လုံး ဟန်ချက်ညီညီနဲ့ဘယ်လိုလုပ်ကြမလဲဆိုတာတွေကိုလည်း ဆွေးနွေးဖြစ်ပါတယ်။ နောက်ပြီး ဂျပန်လွှတ်တော်ထဲမှာ ဗမာ့အရေးကို ဘယ်လိုတိုင်ပင်ဆွေးနွေးကြမလဲဆိုတဲ့ဟာမျိုးတွေကအစ စကားပြောဖြစ်ခဲ့ပါတယ်။ အရင်ကထက်စာရင်တော့ ကိုသံခဲနဲ့ ကိုဘိုကြည်ရောက်လာတဲ့အချိန်မှာ ဂျပန်အောက်လွှတ်တော်အမတ် ဥက္ကဋ္ဌအဆင့်လောက်အထိ ကျနော်တို့တွေ့ခွင့်ရခဲ့ပါတယ်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကခေါင်းဆောင်ဖြစ်တဲ့ အမျိုးသမီးခေါင်းဆောင် အမျိုးသမီးဥက္ကဋ္ဌ ကလည်း ကျနော်တို့ကို လက်ခံတွေ့ဆုံခဲ့တယ်၊ နောက်ပြီး ဂျပန်လွှတ်တော်များသမဂ္ဂအတွင်းရေးမှူးကလည်း ကျနော်တို့နဲ့တွေ့ခဲ့ပါတယ်။ အောက်လွှတ်တော်အမတ်တွေတော်တော်များက လွှတ်တော်ထဲမှာ ဗမာ့အရေးနဲ့ပတ်သက်ပြီးတော့ အစည်းအဝေးတခု ကျင်းပပေးပါတယ်။ အဲဒါမျိုးတွေလည်း လုပ်ဆောင်ပေးတဲ့အတွက် လွှတ်တော်ထဲကို ထဲထဲဝင်ဝင်ထိုးဖောက်နိုင်တယ်လို့ ကျနော်တို့မြင်ပါတယ်။"

ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေဟာ အဓမ္မရေးဆွဲထားတဲ့ စစ်အုပ်စုရဲ့ အခြေခံဥပဒေကတဆင့် ပေါ်ပေါက်လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ထိုင်းနယ်စပ်အခြေစိုက် အတိုက်အခံများနဲ့အတူ ဆန့်ကျင်သွားမှာဖြစ်ကြောင်းလည်း စုံစမ်းသိရှိရပါတယ်။

---

# စာဖတ်ဝိုင်း လူငယ် ၅၀ ကျော်တက်ရောက်ဆွေးနွေး

**RFA ၊ ဧပြီ ၂၃ ။** ။ NLD ပါတီရုံးချုပ်မှာ ဒီကနေ့ပြုလုပ်တဲ့ သတ္တမအကြိမ်မြောက် လူငယ်စာဖတ်ဝိုင်းကို ပါတီဝင်လူငယ် ၅၀ ကျော်တက်ရောက်ပြီးဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြပါတယ်။

အစီအစဉ်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ချမှတ်ထားတဲ့အစီအစဉ်အတိုင်း လူငယ်များ စာဖတ်အားနဲ့အတွေးအခေါ် မြင့်လာဘို့အတွက် ပြုလုပ်တာဖြစ်တယ်လို့ စာဖတ်ဝိုင်းတာဝန်ခံကပြောပါတယ်။ ဒီကနေ့ဧပြီ ၂၃ ရက်မှာပြုလုပ်တဲ့စာဖတ်ဝိုင်းမှာ ဖုးငုံဆက်ကျော်ကမဂ္ဂဇင်းပါဝတ္ထု ကဗျာ ဆောင်းပါးတွေကို ဝေဖန်ဆွေးနွေးကြတာဖြစ်တယ်လို့ဆိုပါတယ်။

"လူငယ်ပညာပေးနဲ့ပတ်သက်ပြီးတော့ သူတို့ဆွေးနွေးတာပါ၊ ဒေါ်အောင်ဆန်းစုကြည်ချမှတ်ထားခဲ့တဲ့အစီအစဉ်တွေပါဘဲ။ ဒီအစီအစဉ်ကိုကျနော်တို့ဆက်လုပ်ကြတာပါ။ အဓိက ကတော့ ကျနော်တို့အထဲမှာပါတဲ့ ကဗျာတို့ ဝတ္ထုတို့၊ ဆောင်းပါးတို့အဲဒါတွေကို ကျနော်တို့သုံးသပ်ဆွေးနွေးတာပါ။ လူငယ်တွေစာဖတ်အားမြင့်ဘို့နဲ့ လူငယ်တွေအတွေးအခေါ်ရှင်သန်ဘို့အတွက် အဓိကထားပြီး ဒီရည်ရွယ်ချက်နဲ့လုပ်ကြတာပါ။ လူငယ်တွေကတော့ ကျနော်တို့ပုံမှန် ၅၀ ပတ်ဝန်းကျင်လောက် ဗဟိုကော်မတီသခင်စိုးမြင့် သဘာပတိအနေနဲ့ဆောင်ရွက်တယ်။"

NLD ပါတီကအပတ်စဉ်ပြုလုပ်နေတဲ့ လူငယ်စာဖတ်ဝိုင်းကို ပြီးခဲ့တဲ့ဂျန်နဝါရီလကတည်းကစခဲ့တာဖြစ်ပြီး ဦးသန့်အထိမ်းအမှတ် ဦးသန့်အတ္တုပ္ပတ္တိအကြောင်းဆွေးနွေးခြင်း၊ ကဗျာဆရာကြီးမင်းသုဝဏ် နှစ်တရာပြည့်အထိမ်းအမှတ်ဆရာကြီးရဲ့ကဗျာများကိုဆွေးနွေးခြင်း၊ ချီဂွေဗားရားရဲ့စာအုပ်များနဲ့ပတ်သက်တဲ့ဆွေးနွေးခြင်းများအပြင် မြန်မာ့တော်လှန်ရေးသမိုင်းအကြောင်း ဆွေးနွေးခြင်းစတဲ့ဆွေးနွေးချက်တွေကို အပတ်စဉ်ဆွေးနွေးခဲ့ကြပြီးဖြစ်တယ်လို့ သိရပါတယ်။

---

# နာဂစ်ဒဏ်ထိသစ်ပင်တွေကို ပန်းပုထုပြီးရောင်း

**DVB ၊ ဧပြီ ၂၀ ။** ။ နာဂစ်ကြောင့်ပြိုလဲခဲ့တဲ့ သစ်ပင်တွေကိုပန်းပုထုပြီးရောင်းချမယ့်ပွဲတော်ကို ရန်ကုန် ဆရာစံလမ်းက ဆရာစံပလာဇာမှာ ဒီလ ၃ ရက်နေ့က စတင်ကျင်းပနေပါတယ်။

၃ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ အခမဲ့ ဝင်ခွင့်ပြုထားကာ ၁၈ ရက်နေ့ကစပြီး အရောင်းပွဲပိတ်မယ့် မေလ ၇ ရက်နေ့အထိ ဝင်ကြေးအဖြစ် ပြည်တွင်းကို ၅ ရာကျပ်၊ နိုင်ငံခြားသားကို ဒေါ်လာ ၁၀ ဒေါ်လာ သတ်မှတ်ထားပါတယ်။ ပန်းပုရုပ်အသေးနဲ့အလတ်တွေကို ဈေးနှုန်းသတ်မှတ်ရောင်းချကာ လက်ရာမြောက်တဲ့ ပန်းပုရုပ်အကြီးတွေကိုတော့ လေလံပွဲလုပ်ပြီးရောင်းချမယ်လို့ ပန်းပုအရောင်းပွဲတော် ကျင်းပရေးကော်မတီက ဦးကိုကိုက ပြောပါတယ်။ အခုအထိရောင်းချရတဲ့ အနေအထားနဲ့ ပတ်သက်ပြီး...

"ဒေါ်လာ ၁ သောင်းအထက်က လေလံပစ်တဲ့အထဲမှာ ပါပါတယ်၊ ဗမာငွေသောင်းဂဏန်း၊ ဒေါ်လာနဲ့ဆိုရင် ၄၀–၅၀ ဆိုတာတွေကတော့ ဒီအတိုင်းပဲရောင်းမှာပါ။ အများစုကတော့ တရုတ်ကုမ္ပဏီ၊ နောက်ပြီးတော့ ဥရောပကုမ္ပဏီစတဲ့ဝယ်ချင်တဲ့ ပုဂ္ဂိုလ်တွေကို ပါကင်လုပ်ထားပေးတယ်။ ကျနော်တို့ ဒီပြပွဲပြီးတော့မှပဲ သူတို့ကိုရောင်းမှာ။ ၁၀၀ ကျော်တယ်ခင်ဗျ။ လာပြီးတော့ ပါကင် လုပ်ထားတာ အသေးလေးတွေ" လို့ ဦးကိုကိုက ပြောပါတယ်။

နာဂစ်ပန်းပုပွဲတော်ကို စိတ်ဝင်တစား လာကြည့်တဲ့သူ ပြည်တွင်းကများကြောင်းနဲ့ ပွဲတော်ပြီး သွားရင်လည်း အမြဲတမ်းပြခန်းဖွင့်ပြီး ရောင်းချသွားမယ်လို့ ဦးကိုကိုကပဲ ပြောပါတယ်။

---

**တဘက်မှ**

ငွေချေးလို့လွယ်ကူပါတယ်။ ဒါကြောင့် အစိုးရငွေနဲ့စိုက်ပျိုးရေးလုပ်ပြီး အမြတ်ထုတ်ချင်တဲ့ကုမ္ပဏီတွေဟာ ဘိန်းအစားထိုး ရာဘာစိုက်ပျိုးရေးမှာ ပါဝင်လာကြတာပါ။ တကယ်တော့ ဒေသခံတွေရဲ့အခြေအနေနဲ့ ဆီလျော်တဲ့စိုက်ပျိုးရေးစီမံကိန်းကသာ ဘိန်းစိုက်ပျိုးမှုကို အစားထိုးနိုင်မှာဖြစ်ပါတယ်။

# ဒီမိုကရေစီအခြေခံမူများ

ကျော်ကျော်စိုး

## အပိုင်း ၃

### အရပ်ဘက်နှင့်စစ်ဘက်ဆက်နွယ်မှု

စစ်နှင့် ငြိမ်းချမ်းရေးဆိုသည်မှာ မည်သည့်နိုင်ငံမဆိုရင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အရေးပါဆုံးသောကိစ္စရပ်ဖြစ်ပေသည်။ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသောအခြေအနေမျိုးတွင် နိုင်ငံများသည် ၎င်းတို့၏စစ်တပ်များအား ခေါင်းဆောင်မှုပေးရန်အလိုရှိကြသည်။

ဒီမိုကရေစီတွင် နိုင်ငံ၏လုံခြုံရေးကိုထိခိုက်သော ခြိမ်းခြောက်မှု၊ စစ်ပွဲ၊ ငြိမ်းချမ်းရေးတို့သည် လူ့အဖွဲ့အစည်းကရင်ဆိုင်ရသည့် အရေးကြီးဆုံးသောကိစ္စဖြစ်သည်။ ထို့ကြောင့် ထိုကိစ္စအား ပြည်သူများက သူတို့ရွေးချယ်ထားသောကိုယ်စားလှယ်များမှတဆင့် ဆုံးဖြတ်ကြလေသည်။

ဒီမိုကရက်တစ်စစ်တပ်ဆိုသည်မှာ နိုင်ငံကို ဦးဆောင်ခြင်းမပြုပဲ အလုပ်အကျွေးပြုရသည်။ စစ်တပ်ခေါင်းဆောင်များသည် ရွေးချယ်ခံပြည်သူ့ခေါင်းဆောင်များကို အကြံပေးရသည်။ ပြည်သူ့ခေါင်းဆောင်များ၏ဆုံးဖြတ်ချက်ကို လိုက်နာရသည်။

ပြည်သူများ၏ရွေးချယ်ခြင်းခံရသောသူများသာ လုပ်ပိုင်ခွင့်အာဏာရှိပြီး နိုင်ငံ၏ကံကြမ္မာကို ဆုံးဖြတ်ရန်တာဝန်ရှိ သည်။

ထို့ကြောင့် အရပ်သားထိန်းချုပ်မှုနှင့် စစ်တပ်အပေါ် အာဏာလွှမ်းမိုးမှု အယူအဆသည် ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်ဖြစ်ပေသည်။

အရပ်သားများက နိုင်ငံ့စစ်တပ်အားသွန်ကြားရန်လိုအပ်သည်။ နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကိုဆုံးဖြတ်ရခြင်းမှာ စစ်သားများထက်ပိုမိုကျွမ်းကျင်၍မဟုတ် ၎င်းတို့သည် ပြည်သူလူထု၏ကိုယ်စားလှယ်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဆုံးဖြတ်ချက်များကိုချမှတ်ပြီး ထိုအတွက်တာဝန်ခံရပေသည်။

ဒီမိုကရေစီထွန်းကားသည့်နိုင်ငံတွင် စစ်တပ်သည် နိုင်ငံကိုကာကွယ်ရန်နှင့် ပြည်သူလူထု၏လွတ်လပ်မှုကိုကာကွယ်ပေးရသည်။

စစ်တပ်သည် နိုင်ငံရေးအယူအဆတခုခုကိုသော်လည်းကောင်း၊ လူမျိုးစုတစုစုကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတခုခုကိုသော်လည်းကောင်း ကိုယ်စားပြုခြင်းမရှိရသလို ထောက်ခံခြင်းလည်းမပြုရပေ။

နိုင်ငံဆိုသည့် ပိုမိုကြီးမြတ်သည့်ကိစ္စရပ်အပေါ် သစ္စာခံရသည်။ ဤအထဲတွင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ၏အခြေခံမူများအပေါ် သစ္စာစောင့်သိရေးတို့ပါဝင်သည်။

အရပ်သားများက ထိန်းချုပ်ထားသည့်အတွက် နိုင်ငံကတန်ဖိုးထားရှိမှု၊ နိုင်ငံတွင်းရှိအဖွဲ့အစည်းများ၊ မူဝါဒများကို စစ်တပ်က ရွေးချယ်ခြင်းထက် ပြည်သူများကလွတ်လပ်စွာ ရွေးချယ်နိုင်သည်ဆိုသည့်အချက်ကို အာမခံရရောက်သည်။

စစ်တပ်၏ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းကို ကာကွယ်ရန်ဖြစ်သည်။ လူ့အဖွဲ့အစည်းသည် မည်သို့ဖြစ်ရမည်ဆိုသည်ကို သတ်မှတ်ရမည်မဟုတ်ပေ။

မည်သည့်ဒီမိုကရက်တစ်အစိုးရမဆို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာမူဝါဒ ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် စစ်သားများ၏ကျွမ်းကျင်မှုနှင့် အကြံပေးချက်များကို တန်ဖိုးထားသည်။

အစိုးရ၏ဆုံးဖြတ်ချက်များကို ထမ်းဆောင်ရန်အတွက် အရပ်သားအရာရှိများသည် စစ်ရေးဆိုင်ရာအကြံပေးချက်များကို အားထားရသည်။ သို့သော်လည်း ရွေးချယ်ခံအရပ်သား ခေါင်းဆောင်များကသာ အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ပြီး ထိုဆုံးဖြတ်ချက်များကို စစ်တပ်ကအကောင်အထည်ဖော်ရပေသည်။

စစ်တပ်ဖွဲ့ဝင်များသည် နိုင်ငံသားများဖြစ်သည့်အားလျော်စွာ နိုင်ငံရေးဘဝဆိုင်ရာကိစ္စရပ်များကို အခြားပြည်သူပြည်သားများကဲ့သို့ပင် မိမိတို့ပုဂ္ဂလိက တဦးချင်းစီ၏သဘောထားရပ်တည်ချက်ဖြင့် အပြည့်အဝပါဝင်လုပ်ဆောင်ခွင့်ရှိသည်။

စစ်သားများအနေဖြင့် နိုင်ငံရေးလောကအတွင်း ဝင်ရောက်လိုပါက ဦးစွာပထမ စစ်တပ်အတွင်းမှ အနားယူရမည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံရေးကို သီးခြားခွဲထုတ်သတ်မှတ်ထားရမည်။

စစ်တပ်သည် မည်သည့်ဘက်မှမလိုက်ရသည့် ကြားနေ ပြည်သူ့ဝန်ထမ်းဖြစ်သည်၊ လူ့အဖွဲ့အစည်းကို စောင့်ရှောက်ပေးသူဖြစ်သည်။

ကာကွယ်ရေးနှင့် နိုင်ငံလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဒီမိုကရေစီ၏အခြေခံတန်ဖိုးများဖြစ်သည့် လူများစုအုပ်ချုပ်မှု၊ လူနည်းစုအခွင့်အရေး၊ လွတ်လပ်စွာပြောဆိုခွင့်၊ ကိုးကွယ်ပိုင်ခွင့်၊ ဥပဒေနှင့်အညီခံစားပိုင်ခွင့်များနှင့် မည်သို့သောအကြောင်းကြောင့်နှင့်မျှ အပေးအယူမလုပ်ရ၊ အလဲအလှယ်မလုပ်ရပေ။

အရပ်သားကထိန်းချုပ်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်များပေါ်တွင် လုံးဝတာဝန်ရှိသည်။ စစ်တပ်၏တာဝန်မှာ အရပ်သားအာဏာပိုင်များ၏ ဥပဒေနှင့်အညီပေးသောအမိန့်ကို နာခံရမည်သာဖြစ်သည်။

## အပိုင်း ၄

### နိုင်ငံရေးပါတီများ

လူတဦးချင်းစီ၏အခွင့်အရေးနှင့် လွတ်လပ်မှုကိုထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ဒီမိုကရေစီမြတ်နိုးသောပြည်သူများသည် ၎င်းတို့ရွေးချယ်လိုက်သည့် အစိုးရကိုပုံဖော်ရန် အတူအကွပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် အခြေခံအကျဆုံးနည်းလမ်းမှာ နိုင်ငံရေးပါတီများမှတဆင့်ဖော်ဆောင်ခြင်းဖြစ်သည်။

နိုင်ငံရေးပါတီသည် မိမိ၏သဘောဆန္ဒဖြင့် အစိုးရနှင့် ပြည်သူများအကြားလုပ်ဆောင်ပေးနေသည့်အဖွဲ့အစည်းဖြစ်သည်။ ပါတီက ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သတ်မှတ်သည်၊ အစိုးရခေါင်းဆောင်များကိုရွေးချယ်ပေးရန် ပြည်သူလူထုအား လှုံ့ဆော်စည်းရုံးသည်။

မဲအများစု (သို့မဟုတ်) ထောက်ခံမှုအများစုရသည့် ပါတီက အမျိုးမျိုးသောမူဝါဒများ အစီအစဉ်များဖြင့် ဥပဒေများကို အတည်ပြုရလေသည်။ အတိုက်အခံပါတီများကလည်း လွှတ်တော်တွင်းနေရာအများစုရထားသည့် အာဏာရပါတီများ၏ပေါ်လစီများ၊ အယူအဆများကို လွတ်လွတ်လပ်လပ်ဝေဖန်နိုင်ပြီး မိမိတို့၏ကိုယ်ပိုင်အဆိုပြုချက်များကိုလည်း လုပ်နိုင်သည်။

ရွေးချယ်ခံရသောပါတီကိုယ်စားလှယ်များက အစိုးရ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်နှင့် တာဝန်ခံရေးအတွက် နိုင်ငံရေးပါတီများသည် ပြည်သူများအား ပါတီတာဝန်ရှိသူများကို ထိန်းချုပ်ကိုင်တွယ်နိုင်ရန် နည်းလမ်းပေးသည်။

ဒီမိုကရေစီကျသောနိုင်ငံရေးပါတီများသည် ဒီမိုကရေစီ၏အခြေခံမူများကို ယုံကြည်သောကြောင့် ၎င်းတို့ပါတီခေါင်းဆောင်များအာဏာမရသည့်တိုင် ရွေးချယ်ခံအစိုးရ၏လုပ်ပိုင်ခွင့်အာဏာကို အသိအမှတ်ပြုသကဲ့သို့ လေးစားမှုလည်းပြုသည်။

မည်သည့်ဒီမိုကရေစီတွင်မဆို နိုင်ငံရေးပါတီအမျိုးမျိုးမှ ပါတီဝင်များသည် ၎င်းတို့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးမျိုးကွဲပြားသောယဉ်ကျေးမှုအစဉ်အလာများကို ရောင်ပြန်ဟပ်သည်။ အချို့ပါတီများမှာသေးငယ်ပြီး ၎င်းတို့၏နိုင်ငံရေးယုံကြည်ချက်ဘောင်အတွင်း၌သာ တည်ဆောက်ထားကြသလို၊ အချို့ပါတီများမှာမူ ကျယ်ပြန့်ကြီးမားပြီး စီးပွားရေးနှင့် သမိုင်းနောက်ခံကြောင်းများအပေါ် သဘောတူညီကြသူများဖြင့်ဖွဲ့စည်းတည် ဆောက်ထားကြသည်။ အချို့မှာမူ

တဘက်သို့

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စုံညီအစည်းအဝေး ပဲခူးတိုင်းလူငယ်အဖွဲ့ကြိုဆို

**DVB ၊ ဧပြီလ ၂၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုက အခုလ ၂၈ ရက်နဲ့ ၂၉ ရက်နေ့မှာ စုံညီအစည်းအဝေးခေါ်လိုက်တာဟာ အဖွဲ့ချုပ်ရဲ့ရှေ့လုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရေးအတွက် အင်အားဖြစ်စေတာကြောင့် ကြိုဆိုထောက်ခံကြောင်း ပဲခူးတိုင်း အဖွဲ့ချုပ်လူငယ်အဖွဲ့က ပြောဆိုလိုက်ပါတယ်။

ဒီနေ့ပဲခူးမြို့မှာပြုလုပ်တဲ့ တိုင်းအရှေ့ခြမ်းလူငယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကနေ အခုလိုပြောဆိုလိုက်တာဖြစ်ပြီး ဒီနေ့ဆွေးနွေးပွဲမှာ မြို့နယ်အဖွဲ့ချုပ်လူငယ်ဖော်ဆောင်ရေးကိစ္စကို အဓိကဆွေးနွေးခဲ့ကြတယ်လို့ ပဲခူးတိုင်းအဖွဲ့ချုပ်လူငယ်တာဝန်ခံတဦးကပြောပါတယ်။

"လူငယ်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ တိုင်ပင်ဆွေးနွေးကြတာ အဓိကအနေနဲ့ လာမယ့် ၂၈–၂၉ ရက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုဌာနချုပ်ရုံးမှာကျင်းပမယ့် စုံညီအစည်းအဝေးကို ကျနော်တို့ ပဲခူးတိုင်းလူငယ်အကူအညီပေး အရှေ့ ခြမ်း လူငယ်အကူအညီပေးအဖွဲ့က ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူအားလုံးကို ချို့ယွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးဖို့ တိုက်တွန်းတောင်းဆိုတယ်။"

အဖွဲ့ချုပ်ဗဟိုကနေ စုံညီအစည်းအဝေးခေါ်တဲ့ကိစ္စ ကြိုဆိုထောက်ခံရတဲ့ အကြောင်းကိုလည်း သူကပဲ ပြောပါတယ်။ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တရားဝင်ပါတီအဖြစ်ရပ်တည်ခဲ့တာ နှစ်ပေါင်း ၂၀ ရှိပါပြီ။ အခုလို တိုင်းနဲ့ပြည်နယ်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွေရော၊ ဗဟိုအမျိုးသမီးအဖွဲ့တွေရော၊ ဗဟိုလူငယ်လုပ်ငန်းဖော်ဆောင်ရေးရော တွေ့ဆုံပွဲက မဖြစ်ခဲ့ပါဘူး။ အခု ဒီတကြိမ်မှာဖြစ်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေရော၊ ပါတီထဲမှာရှိတဲ့ အဆင့်ဆင့်သောပုဂ္ဂိုလ်တွေရော စည်းလုံးမှုအင်အားပိုမိုဖြစ်ပေါ်စေပါတယ်။

"နောက်တခုက လွှတ်တော်ကိုယ်စားလှယ်တွေလည်း တက်ရောက်မယ့်အတွက်ထူးခြားမှုရှိပါတယ်။ ဗဟိုအလုပ်အမှုဆောင်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရှေ့ဆက်ပြီး နိုင်ငံရေးပါတီကို၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ဘယ်လိုဆက်လုပ်မယ်ဆိုတဲ့ကိစ္စကို ဆွေးနွေးမှာဖြစ်တဲ့အတွက် ကျနော်တို့ အထူးစိတ်ဝင်စားပါတယ်။ ဒါကြောင့်မို့ ကြိုဆို ထောက်ခံတာပါ။"

တိုင်းအဖွဲ့ချုပ်လူငယ်တွေအနေနဲ့ မြို့နယ်အလိုက် လူငယ်အကူညီပေးရေးအဖွဲ့တွေ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်နေတယ်လို့လည်းသိရပါတယ်။

---

**တဘက်မှ**

ရွေးကောက်ပွဲကာလအတွင်းမှ ပါဝင်လာကြသည့် မိမိတို့အချင်းချင်းသဘောထားနီးစပ်သူများနှင့် မဟာမိတ်ပြုဖွဲ့သည့်အနေအထားမျိုးလည်းရှိသည်။

ဒီမိုကရေစီနည်းလမ်းကျကျ တည်ဆောက်ထားသော ကြီးကြီးသေးသေး မည်သည့်နိုင်ငံရေးပါတီမဆို အပြန်အလှန်အပေးအယူအလျှော့အတင်းလုပ်မှုနှင့် သည်းညည်းခံမှုများပြုကြသည်။

ပြည်သူပြည်သားများ၏ထောက်ခံအားပေးမှုကိုရရန်မှာ ခေါင်းဆောင်မှုပေးရန်နှင့် အများပြည်သူတို့၏ သဘောထားကို ထင်ဟပ်စေရမည်ဆိုသည်ကို ၎င်းတို့သိကြသည်။ ထို့ကြောင့် ၎င်းတို့နိုင်ငံရေးပါတီအချင်းချင်း ကျယ်ပြန့် သော မဟာမိတ်ပြုမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ကြလေသည်။

ဒီမိုကရက်တစ်ပါတီများက နိုင်ငံရေးအမြင်များသည် အမြဲတမ်းပြောင်းလဲနေသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုသည့်အပြင် အများသဘောထားဟူသည်မှာ အကြိတ်အနယ်ဆွေးနွေးမှုများ၊ ငြိမ်းချမ်းမှုနှင့် လွတ်လပ်မှုကို တန်ဖိုးထားရှိမှု၊ ပြည်သူလူထုအကြား ဝေဖန်ဆွေးနွေးမှုများမှ ပေါ်ထွန်းလာသည်ဆိုသည်ကိုလည်း အသိအမှတ်ပြုပေသည်။

အတိုက်အခံရှိသည်ဆိုသည့်အချက်သည် မည်သည့်ဒီမိုကရေစီတွင်မဆို မဏ္ဍိုင်ကျသည့်အယူအဆဖြစ်သည်။ အဓိပ္ပာယ်မှာ နိုင်ငံရေးအရ အပြန်အလှန်ဆွေးနွေးမှုများပြုရာတွင် ကွဲပြားခြားနားမှုမည်မျှပင် ကြီးမားနက်ရှိုင်းနေစေကာမူ ဒီမိုကရေစီ၏အခြေခံတန်ဖိုးများဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ ယုံကြည်ခွင့်၊ ဥပဒေရေးရာအရတပြေးညီဖြစ်ခွင့် စသည်တို့တွင် တူညီသောသဘောထားရှိသည်ကို ဆိုလိုသည်။

ရွေးကောက်ပွဲတွင်ရှုံးနိမ့်သွားသောပါတီများသည် အတိုက်အခံနေရာတွင်နေပြီး၊ နိုင်ငံရေးစနစ်သည် ၎င်းတို့ပါတီများ၏ စည်းရုံးရေးဆိုင်ရာအခွင့်အရေးနှင့် ဝေဖန်ပြောဆိုပိုင်ခွင့်များအတွက် ဆက်လက်အကာအကွယ်ပေးမည်ဆိုသည်ကို ယုံကြည်သည်။ ရွေးကောက်ပွဲအချိန်ကျလျှင် ၎င်းပါတီများသည် လူထု၏ ထောက်ခံမဲများကိုရရှိရေးအတွင်း ၎င်းတို့၏သဘောထားအယူအဆများကို စည်းရုံးလှုံ့ဆော်ခွင့်ရကြလေသည်။

ဒီမိုကရေစီတွင် နိုင်ငံရေးပါတီများအကြား ရန်းကန်လှုပ်ရှားမှုများသည် ပါတီရပ်တည်ရှင်သန်လှုပ်ရှားနိုင်ရေးအတွက်မဟုတ် ပြည်သူလူထုအတွက်ထမ်းဆောင်နိုင်ရေးအတွက် ယှဉ်ပြိုင်ခြင်းသာဖြစ်သည်။

---

# မွန်ဘုန်းကြီးက မွန်နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲဝင်ရန်တိုက်တွန်း

**DVB ၊ ဧပြီလ ၂၄ ။** ။ မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှ ဆရာတော်ဦးအိန္ဒကသည် ၂၀၁၀ တွင်ကျင်းပမည့်ရွေးကောက်ပွဲတွင် မွန်နိုင်ငံရေးပါတီများဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်း သို့မှသာ အနာဂတ်လွှတ်တော်တွင် မွန်လူမျိုးအသိုင်းအဝိုင်းကို ကိုယ်စားပြုပြောရေးဆိုခွင့်ရှိမည်ဖြစ်ကြောင်း ပြောဆိုသည်ဟု သိရပါသည်။

ဧပြီလ ၁၁ ရက်နေ့က မုဒုံမြို့နယ်တွင်းရှိ ယောင်းဒုံးကျေးရွာစာသင်ကျောင်း နွေရာသီကျောင်းပိတ်ပွဲ၌ ဆရာတော် ဦးအိန္ဒက က ယခုကဲ့သို့မိန့်ကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းအား မွန်တိုင်ရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီက တည်ထောင် လုပ်ကိုင်လျက်ရှိသည်ဟု သိရသည်။

ဆရာတော်က အကယ်၍ မွန်နိုင်ငံရေးအုပ်စုများက ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပါက မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် မွန်ပြည်သူပြည်သားများအတွက် လွှတ်တော်တွင်းစည်းရုံးပြောဆိုခွင့်များရလာမည်ဟု ဆိုသည်။

မွန်နိုင်ငံရေးပါတီကြီးများမှာ မွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦးတို့က နအဖစစ်အာဏာပိုင်များ ယမန်နှစ်က အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှုများပြုလုပ်ရန်တောင်းဆိုထားပြီး ထိုတောင်းဆိုမှုများအတိုင်း အခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုပါက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ဆိုထားသည်။

အဆိုပါကျောင်းပိတ်ပွဲအခမ်းအနားသို့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦးပြောရေးဆိုခွင့်ရှိသူ နိုင်ဟောင်ဒုံ တို့အပါအဝင် မွန်ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်ဟု သိရသည်။ နိုင်ဟောင်ဒုံက အဆိုပါအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ အခြေခံဥပဒေတွင် မွန်စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများမပါဝင်သည့်အတွက် မိမိတို့ ရွေးကောက်ပွဲဝင်ပြိုင်သည့်တိုင် လွှတ်တော်တွင်း၌ တိုက်ပွဲဝင်၍ရမည်မဟုတ်ကြောင်း တက်ရောက်ခဲ့သူများအားပြောကြားခဲ့သည်ဟု သိရသည်။

အခြားမွန်ပါတီများနှင့် တသီးပုဂ္ဂလများ ရွေးကောက်ပွဲတွင် ဝင်နိုင်ခြေရှိသော်လည်း မိမိတို့ကမူ ရပ်တည်ချက်မပြောင်းလဲဟု နိုင်ဟောင်ဒုံက ပြောသည်။

# နအဖစစ်အုပ်စု အချိန်မီအကူအညီတောင်းသင့် ၊ ဂလိုဘယ်လ်ဖန်းအဖွဲ့မျှော်လင့်

**RFA ၊ ဧပြီလ ၂၀ ။ ။** မြန်မာပြည်သူတွေကြုံတွေ့နေရတဲ့ ဆိုးဝါးတဲ့ကျန်းမာ ရေးဒုက္ခအခြေအနေအတွက် စစ်အစိုးရအာဏာပိုင်တွေဘက်ကအချိန်မီ အကူအညီတောင်းခံလာဘို့ မျှော်လင့်ထားတယ်လို့ Global Fund ရောဂါ တိုက်ဖျက်ရေးရံပုံငွေအဖွဲ့က ဒီနေ့ ဧပြီလ ၂၀ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

Global Fund အဖွဲ့ဟာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာအခြေစိုက်ပြီး HIV/AIDS အဆုတ်နဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ရံပုံငွေထောက်ပံ့ရေးလုပ်ငန်းတွေကို ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ ကျော်မှာလုပ်ကိုင်နေပါတယ်။ Global Fund အဖွဲ့ကြီးဟာ မြန်မာနိုင်ငံမှာ ရောဂါ ၃ မျိုးတိုက်ဖျက်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ဘူးပေမယ့် စစ်အစိုးရအာဏာပိုင်တွေရဲ့ ကန့်ကွက်ချုပ်ချယ်မှုတွေကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်မာနိုင်ငံကနေအပြီးအပိုင်ရုပ်သိမ်းသွားခဲ့ပါတယ်။

Global Fund အဖွဲ့ရုပ်သိမ်းသွားခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်အတွင်းမှာ ဥရောပနိုင်ငံတချို့ပါဝင်တဲ့ Three D Fund အဖွဲ့အစားထိုးဝင်ရောက်လာခဲ့ပေမယ့် ရံပုံငွေလိုအပ်ချက်ကိုအပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်နိုင်တဲ့အခြေအနေမရှိဘူးလို့ လေ့လာသူတွေကသုံးသပ်ပါတယ်။ ဒီအတောအတွင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက Global Fund ရဲ့အဆင့်မြင့်အရာရှိ ၄ ဦးပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုသွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံကိုအကူအညီပေးနိုင်ရေးအတွက် အာဏာပိုင်တွေနဲ့ ဆွေးနွေးဘို့ ရည်ရွယ်သွားရောက်ခဲ့တာဖြစ်တယ်လို့ Global Fund အဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ Michel Kazatchkine ကပြောပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အာဏာပိုင်တွေအပါအဝင် ပုဂ္ဂလိကအဖွဲ့အစည်းတွေဘက်ကပါ Global Fund ထံက ရံပုံငွေကိုဘယ်လိုလျှောက်ထားရမယ်ဆိုတာ ရှင်းပြနိုင်အောင် သွားရောက်ခဲ့တဲ့ခရီးစဉ်ဖြစ်ပါတယ်။ လျှောက်လွှာတင်တဲ့အဆင့်အားလုံး ချောချောမောမောဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ပါမောက္ခ Kazatchkine ကပြောပါတယ်။

မြန်မာအာဏာပိုင်တွေဟာ Global Fund အဖွဲ့အတွက် ရံပုံငွေထည့်ဝင်နေတဲ့ နိုင်ငံကြီးတချို့အပေါ် စိုးရိမ်မှုကြောင့် လွန်ခဲ့တဲ့နှစ်တွေအတွင်း Global Fund အဖွဲ့ထံကနေ အကူအညီတောင်းခံဘို့ နောက်တွန့်နေတာဖြစ်တယ်လို့လည်း ပါမောက္ခ Kazatchkine ကပြောပါတယ်။ ဒါပေမယ့် အခုနှစ်အတွင်းမှာတော့ Global Fund ထံက ရံပုံငွေအကူအညီရရှိရေးကို အချိန်မီတောင်းခံလာမယ့်အလားအလာတွေ မြင်တွေ့ရတယ်လို့လည်း သူကပြောပါတယ်။

အခုနှစ်အတွက် လျှောက်လွှာတင်ရမယ့်နောက်ဆုံးရက်က ဇွန်လ ၁ ရက်နေ့ဖြစ်ပြီး မြန်မာအာဏာပိုင်တွေဘက်က အချိန်မီလျှောက်ထားလိမ့်မယ်လို့ မျှော်လင့်ကြောင်း Global Fund အဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူးကပြောသွားပါတယ်။ Global Fund အဖွဲ့ကြီးရဲ့လုပ်ငန်းရံပုံငွေအတွက် အမေရိကန်ပြည်ထောင်စုက ၃၀ ရာခိုင်နှုန်းနှစ်စဉ်အများဆုံးထည့်ဝင်နေပါတယ်။

အခုနှစ်အတွင်း ကမ္ဘာ့ငွေကြေးအကျပ်အတည်းပြဿနာကြောင့် လာမယ့်နှစ်အတွက် Global Fund ရဲ့ရံပုံငွေဒေါ်လာ ၄ ဘီလီယံလောက် လျော့ကျသွားနိုင်တယ်လို့ Global Fund အဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူး Michel Kazatchkine ကပြောပါတယ်။

---

# တိုက်ပွဲကြားကရွာသားတချို့ အစာရေစာပြတ်လပ်

**DVB ၊ ဧပြီလ ၂၁ ။ ။** ကေအန်ယူ တပ်ရင်း ၂၀၁ ကို နအဖ တပ်တွေနဲ့ ဒီကေဘီအေတပ်တွေက ဝန်းရံပိတ်ဆို့ထားတာ ကာလကြာလာတာနဲ့အမျှ အနီးနားဝန်းကျင်မှာရှိတဲ့ ကရင်ရွာသားတွေ စားရေးရိက္ခာပြတ်တောက်လာပါတယ်။

ကေအန်ယူတပ်ရင်း ၂၀၁ အနီးနားမှာရှိတဲ့ ကနဲလေးရွာသားတွေ စားရေရိက္ခာပြတ်တောက်နေတာဖြစ်တယ်လို့ တပ်ရင်း ၂၀၁ ရဲ့ ရုံးထိုင်မှူး ဗိုလ်ကြည်အောင် က ပြောပါတယ်။

“ကနဲလေးရွာက စခန်းနဲ့နီးတဲ့အတွက်ကြောင့် ရန်သူရော ဒီကေဘီအေလာပြီး ပေါ်တာခေါ်တယ်။ လိုက်လုပ်ပေးရတယ်။ အဲ့ဒီကြားထဲမှာ ရွာသားတွေလည်း စားနပ်ရိက္ခာမရှိတော့ တချို့မနေရဲလို့ထွက်ပြေးကြတာတွေလည်းရှိတယ်။”

ကနဲလေးရွာအနီးမှာ ဒီကေဘီအေတပ်တွေနဲ့နအဖတပ်တွေ တပ်စွဲထားတာကြောင့် ရွာသားတွေ ရွာပြင်ထွက် အလုပ်မလုပ်နိုင်ကြတဲ့အပြင် ဒီကေဘီအေကလည်း ပေါ်တာစွဲခိုင်းစေမှုတွေရှိနေတာကြောင့် ရွာသားတွေ ရွာနဲ့ဝေးရာကိုရှောင်ပြေးနေကြရတယ်လို့ ဗိုလ်ကြည်အောင်က ပြောပါတယ်။ ဝေါလေခီး လို့ခေါ်တဲ့ ကေအန်ယူတပ်ရင်း ၂၀၁ ကို ယခုလဆန်းပိုင်းကတည်းက နအဖ တပ်တွေနဲ့ ဒီကေဘီအေတပ်တွေက ပိတ်ဆို့တိုက်ခိုက်နေကြတာပါ။ ယခုလ ၁၇ ရက်နေ့မှာ တပ်ရင်း ၂၀၁ ကို နောက်ဆုံးအကြိမ် တိုက်ခိုက်တာဖြစ်ပြီး ပြန်လည်ဆုတ်ခွာသွားခြင်းမရှိဘဲ ဝန်းရံပိတ်ဆို့ထားတာဖြစ်ပါတယ်။

---

# ကိုအောင်သူ ကျန်းမာရေးဆိုးရွား

**DVB ၊ ဧပြီလ ၂၀ ။ ။** မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုထောင်မှာ နှစ်ရှည်အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကိုအောင်သူရဲ့ ကျန်းမာရေးဆိုးရွားနေတယ်လို့ ဇနီးဖြစ်သူ မမြတ်မြတ်ထွန်းက ပြောပါတယ်။

ကချင်ပြည်နယ် ပူတာအိုထောင်မှာ နှစ်ရှည်အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသား ကိုအောင်သူရဲ့ ကျန်းမာရေးအခြေအနေ စိုးရိမ်ရတယ်လို့ ဇနီးဖြစ်သူ မမြတ်မြတ်ထွန်းက ပြောတာပါ။

“သူ အရင်တခေါက်ကထက် အခြေအနေမကောင်းဘူး၊ ဆိုးနေတယ်။ ခြေသလုံးတွေက ခြေထောက်တွေ နှစ်ဘက်စလုံးက သေးသေးသွားပြီး အကြောအားမကောင်းတာလား ဘယ်လိုဖြစ်တာလည်းတော့မသိဘူး၊ လမ်းက လျှောက်နိုင်တယ်။ နွေရာသီတောင် အနွေးထည်နဲ့စောင်နှစ်ထပ်နဲ့ အဲ့လိုမျိုးနေရတာတောင် အရမ်းအေးတယ်။ အဲဒီနေရာက ဆောင်းတွင်းဆိုရင် တော်တော်အေးတဲ့နေရာ၊ ရေခဲတဲ့နေရာဆိုတော့၊ သူကလည်း လေသမားဆိုတော့ ရာသီဥတုနဲ့ တခြားစီဖြစ်နေတာ။ သူနဲ့ မတည့်ဘူး။”

ကိုအောင်သူရဲ့လျှာဟာလည်း တိုဝင်နေလာပြီး အင်းစိန်ထောင်ကနေမပြောင်းခင်ကတည်းက မျက်နှာတခြမ်းလေဖြတ်သလို ဖြစ်နေတာကြောင့် လျှာခင်လေဖြတ်မှာကို စိုးရိမ်မိတယ်လို့လည်း မမြတ်မြတ်ထွန်းက ပြောပါတယ်။ ပူတာအိုထောင်ရဲ့ကျန်းမာရေးစောင့်ရှောက်မှုဟာ လုံလောက်မှုမရှိတာကြောင့် သမားတော်တွေနဲ့ကုသခွင့်ရဖို့ စာတင်မယ်လို့လဲ မမြတ်မြတ်ထွန်းက ပြောပါတယ်။

“၂ ပတ်တခါ ဆရာဝန်လာလာကြည့်ပေးတယ်၊ သွေးပေါင်ချိန်ပေးတယ်၊ သူ ဆေးရုံတက်ဖို့ စာကျတယ်လို့ ပြောသံကြားတယ်။ နောက်တော့ ဘယ်လိုဖြစ်လို့လည်းမသိဘူး မတက်ဖြစ်တော့ဘူး။ ဆေးရုံတက်တော့လည်း ဆေးဝါးစုံစုံလင်လင်မှမရှိတာ၊ ရန်ကုန်က ဆေးပို့မှသာရတာလေ၊ အဲ့ဒီဘက်ကခေါင်တော့ဆေးတွေလည်းမရှိဘူး။ ရိုးရိုးဆရာဝန်နဲ့ ဆိုတော့လည်း သိပ်ထူးခြားလာမှာ မဟုတ်ဘူး။ သူ့ရဲ့ ရောဂါအခြေအနေသိမှသာ ဆေးနဲ့အနာနဲ့က တွေ့မှာပေါ့။ အခုက ရောဂါတခြား ဆေးတခြားတွေဖြစ်နေတာ။ ဘာမှန်းမသိဘူး စမ်းတဝါးဝါးနဲ့ စောင့်နေရတော့ သူက အဲ့ဒီဆေးတွေလည်း မသောက်တော့ဘူး၊ ဖြတ်လိုက်တော့မယ်တဲ့။ သမားတော်ကြီးနဲ့ ပြခွင့်ပေးဖို့သာ စာတင်ပေးပါတော့လို့ပြောတယ်။”

ကိုအောင်သူဟာ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနဲ့အတူ ထောင်ဒဏ် ၆၅ နှစ် ကျခံထားရသူဖြစ်ပါတယ်။

**မေ ၁၉ ၊ XNA ။ ။** မြန်မာတွင် ပိုမိုမြဲပ်နှံရန် တရုတ်လုပ်ငန်းရှင်များအား ဖိတ်ခေါ်ကြောင်း တရုတ်ပြည် ရှန်မန်ရောက် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်မှဆို၏။

**မေ ၂၀ ၊ DVB ။ ။** ပူတာအိုတွင် နှစ်ရှည်နိုင်ငံရေးအကျဉ်းကျ ၈၈ မျိုးဆက်ကျောင်းသား ကိုအောင်သူသည် ကျန်းမာရေးဆိုးဝါးနေကြောင်း ဇနီးမြတ်မြတ်ထွန်းမှဆို၏။

**မေ ၂၀ ၊ DVB ။ ။** မူလတန်း၊ အလယ်တန်းနှင့် နဝမတန်းကျောင်းသားများ၏ အောင်လက်မှတ်အတွက် ယခင် ၂၀၀ ကျပ်မှ ယခုနှစ် ၅၀၀ ကျပ်ထိတိုးတောင်းနေကြောင်း။

**မေ ၂၀ ၊ DVB ။ ။** ကေအင်ယူသည် ကိုယ်ကျိုးစီးပွားမစွန့်နိုင်၍ နအဖနှင့်ဆွေးနွေးမှုမပြုနိုင်ခြင်းဟု နောက်လိုက် ၁၅၉ ဦးဖြင့် မတ် ၃၀ တွင် အေအင်ယူမှခွဲထွက်၍ နအဖ နှင့်လက်တွဲခဲ့သူ ဗိုလ်ကြီးနေစိုးမြ(ဗိုလ်ချုပ်မြ၏သားငယ်) မှ မြန်မာ့ရုပ်မြင်မေးမြန်းခန်းတွင်ဆို၏။

**မေ ၂၀ ၊ DVB ။ ။** ဥက္ကလာပ၊ သာကေတစသည့်တို့တွင် အစားအသောက်နှင့် သောက်ရေမသန့်၍ ဝမ်းလျှောရောဂါဖြစ်ကာ ဆေးရုံကုတင်မဆန့်ဖြစ်နေကြောင်း။

**မေ ၂၀ ၊ DVB ။ ။** ရခိုင်အမျိုးသမီးဒေါ်အေးသိန်းသည် ဘင်္ဂလားဒေ့ရှ် အာဏာရပါတီ အာဝါမီလိဂ်ပါတီ၏အမတ်အဖြစ် ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံရကြောင်း။

**မေ ၂၀ ၊ RFA ။ ။** မြန်မာပြည်သူများကြုံတွေ့နေရသူ ဆိုးဝါးသည့်ကျန်းမာရေးဒုက္ခသည်အခြေအနေများအတွက် နအဖစစ်အစိုးရအာဏာပိုင်များ အချိန်မီအကူအညီတောင်းခံမည်ဟု မျှော်လင့်ကြောင်း Global Fund ရောဂါတိုက်ဖျက်ရေး ကမ္ဘာ့ရံပုံငွေအဖွဲ့မှ ယနေ့ဆို၏။

**မေ ၂၁ ၊ TOKYO-DVB ။ ။** နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း AAPP နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF သို့ တနိုင်ဆက်လက်ကူညီထောက်ပံ့မည်ဟု ဂျပန်ရှိမြန်မာများမှAAPP တွဲဘက်အတွင်းရေးမှူးဦးဘိုကြည်၊ ABSDFဥက္ကဋ္ဌဦးသံခဲတို့နှင့် ဆွေးနွေးပွဲတွင်ဆို၏။

**မေ ၂၁ ၊ NMG ။ ။** မြိတ်–ထားဝယ်ရထားလမ်းဖေါက်ရေးအတွက် အာဏာပိုင်များသည် လယ်မြေများသိမ်းဆည်းနေကြောင်း ထားဝယ်လူငယ်အစည်းအရုံးမှကိုဇေက ဆို၏။

**မေ ၂၁ ၊ VOA ။ ။** မြန်မာနိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် စုပေါင်းတောင်းဆိုသော လက်မှတ်ပေါင်း ၂၅၀,၀၀၀ ရှိပြီဟု လှုပ်ရှားသူအဖွဲ့များမှဆို၏။

**မေ ၂၁ ၊ NEJ ။ ။** မေပြီတွင် ကျင်းပမည့် NLD အစည်းအဝေး၏ထူးခြားမှုသည် လွတ်တော်ကိုယ်စားလှယ်အားလုံးအား ဖိတ်ကြားထားမှုဖြစ်ကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**မေ ၂၁ ၊ DVB ။ ။** ကေအန်ယူ တပ်ရင်း ၂၀၁ အား နအဖတပ်နှင့် ဒီကေဘီအေတပ်များမှ ကြာရှည်စွာဝန်းရံပိတ်ဆို့ထား၍ ဝန်းကျင်ရှိရွာများ စားနပ်ရိက္ခာပြတ်လာ၏။

**မေ ၂၁ ၊ DVB ။ ။** ကျောက်တံခါးမြို့နယ်တွင် အဝမ္ဘလုပ်အားခိုင်းစေစဉ် မြေပိုသေဆုံးသူ ဝွေးကုန်းရွာမှ ညီအစ်ကို ၂ ဦး၏မိသားစုကို အာဏာပိုင်များမှ ဖိအားပေးခြိမ်းခြောက်နေကြောင်း။

**မေ ၂၂ ၊ NEJ ။ ။** ကြံ့ဖွံ့သည် နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းအမည်ဖြင့် ကျောင်းသားများအား စည်းရုံးဆွဲဆောင်နေကြောင်း မြို့ခံများမှဆို၏။

**မေ ၂၂ ၊ DVB ။ ။** အင်္ဂါနေ့က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဘုရားမှာဝတ်ပြုဆုတောင်း၍ အဖမ်းခံရသူ တွံတေးမြို့ NLD ဒုဥက္ကဋ္ဌဦးချစ်ဖေနှင့် စည်းရုံးရေးမှူး ကိုအောင်စိုးဝေတို့အား တွံတေးမြို့နယ်တရားရုံးတွင် ယနေ့ရုံးထုတ်ခဲ့၏။

**မေ ၂၂ ၊ RFA ။ ။** နအဖ၏ လူ့အခွင့်အရေးဖေါက်ဖျက်မှုတိုးလာ၍ ကုလမှလည်း မြန်မာတွင် လူ့အခွင့်အရေးဖေါက်ဖျက်မှုကို ပိုမိုကြပ်မတ်ကြည့်ရှုမည်ဖြစ်ကြောင်း။

**မေ ၂၂ ၊ DVB ။ ။** နအဖတပ်များသည် လူများအား မိုင်းရှင်းကရိယာအဖြစ်သုံးစွဲဆဲဖြစ်ကြောင်း Free Burma Rangers မှဆို၏။

**မေ ၂၃ ၊ Nasdaq ။ ။** အိန္ဒိယမှ NHPC Ltd သည် မြန်မာနှင့်ဘူတန်တို့တွင် ရေအားသုံးလျှပ်စစ်စက်ရုံများဆောက်ရန် စီစဉ်နေကြောင်း။

**မေ ၂၃ ၊ MNL ။ ။** ဒီမိုကရေစီဘက်ဦးတည်မှုမပြသရွေ့ မြန်မာနှင့် အကူအညီပေးရေးတရားဝင်စကားပြောမှုမပြုနိုင်ဟု အီးယူမှ မြန်မာသို့ဆို၏။

**မေ ၂၃ ၊ Mizzima ။ ။** ဝမ်းရောဂါကြောင့် သာကေတမြို့တွင် လူ ၄ ဦးသေဆုံးပြီး မြောက်ဥက္ကလာတွင် ၆၀ ဦးခန့်ဆေးရုံတင်ထားရကြောင်း။

**မေ ၂၃ ၊ KL ။ ။** မလေးရဲသည် လူဝင်မှုဌာနနှင့် RELA စေတနာ့ဝန်ထမ်းတို့အကူဖြင့် တရားဝင်စာရွက်စာတမ်းရှိသူများအပါအဝင်မြန်မာ ၂၀၀ ဦးခန့်အား ခေါ်ဆောင်သွား၏။

**မေ ၂၄ ၊ SEOUL ။ ။** နှစ်ရှည်နိုင်ငံရေးအကျဉ်းကျနေသူ မင်းကိုနိုင်အား တောင်ကိုးရီးယား၏အမြင့်ဆုံး Gwangju လူ့အခွင့်အရေးဆုကို May 18 Memorial Foundation မှ ချီးမြှင့်၏။ ဤဆုကို ၂၀၀၄ မေပြီတွင် ဒေါ်အောင်ဆန်းစုကြည်သို့ ချီးမြှင့်ခဲ့၏။

**မေ ၂၄ ၊ Mizzima ။ ။** မယ်လမြန်မာဒုက္ခသည်စခန်း၏ သုံးရေများတွင် အမည်မသိသူများမှ အပင်ပိုးသတ်ဆေးထည့်ထားကြောင်း မေ ၁၁ တွင် သိရှိရကြောင်း။

**မေ ၂၄ ၊ OSLO-DVB ။ ။** နအဖ၏ လူမမယ်စစ်သည်သုံးနေမှုသည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး အကြီးတန်းအကြံပေး ဟောင်း Morten Bergsmo မှ Crimes agasinst Humanity in eastern Burma ခေါင်းစဉ်နှင့် ဆွေးနွေးပွဲတွင်ဆို၏။

**မေ ၂၄ ၊ WTN ။ ။** နအဖ၏ လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို KWO ကရင်အမျိုးသမီးအဖွဲ့ဝင် မှ အမေရိကန်လွှတ်တော်တွင် သက်သေထွက်ဆို၏။

**မေ ၂၄ ၊ Irrawaddy ။ ။** နိုင်ငံရေးအကျဉ်း ၃၅ နှစ်ကျ ဒါရိုက်တာ စာရေးဆရာ ဇာဂနာသည် မြစ်ကြီးနားတွင် ဆေးကုသမှုအပြည့်မရ၍ အသားဝါနှင့်သွေးတိုးဖြစ်နေကြောင်း မရီးဖြစ်သူ မငြိမ်းမှဆို၏။

**မေ ၂၄ ၊ Mizzima ။ ။** စက်ရုံတွင် စာရွက်စာတမ်းမရှိ အလုပ်လက်မဲ့မြန်မာလုပ်သား ၆၀ ဦးခန့်သည် ဝင်ငွေမရှိ သွားလာခွင့်မရှိ ချောင်ပိတ်မိနေ၏။

**မေ ၂၄ ၊ Christian Today ။ ။** ဗြိတိန်၏ထိပ်သီးနိုင်ငံရေးသမားများသည် Christian Solidarity Worldwide မှ ကမ္ဘာတဝှမ်းလှုံ့ဆော်နေသော မြန်မာတွင် နိုင်ငံရေးအကျဉ်းကျနေသူများအား လွှတ်ရန်တောင်းခံလွှာတွင် လက်မှတ်ရေးထိုးပါဝင်နေ၏။

**မေ ၂၄ ၊ RGN-AFP ။ ။** လူကုန်ကူးခြင်း အထူးသဖြင့်အမျိုးသမီးများနှင့် ကလေးများကိုတားမြစ်ရန် ထိုင်းနှင့်မြန်မာတို့သည် သဘောတူစာချုပ်ချုပ်ဆို၏။

**မေ ၂၄ ၊ KL ။ ။** မြန်မာများအား လူကုန်ကူးခြင်းများရပ်တန့်ရန် အမေရိကန်သည် မလေးရှားသို့ မေတ္တာရပ်၏။

**မေ ၂၄ ၊ RGN-AP ။ ။** နိုင်ငံကြီးများသည် မြန်မာပြည်တွင် အုံကြွမှုကို တီဗွီမှလှုံ့ဆော်နေ၍ ဗြိဟ်တုစလောင်းများ ခွင့်မပြုသင့်ကြောင်း နအဖ၏ မြန်မာ့အလင်းမှဆို၏။

**မေ ၂၄ ၊ RGN-AP ။ ။** တွံတေးအဲန်အဲလ်ဒီမှ ဦးချစ်ဖေနှင့် ဦးအောင်စောဝေတို့အား အင်္ဂါနေ့တွင် နိုင်ငံရေးအကျဉ်းသားများလွတ်ရေး ဆုတောင်းပွဲကျင်းပ၍

စာမျက်နှာ ၁၁ သို့

# ဗိုလ်ချုပ်မြသား ဗိုလ်ကြီးနေစိုးမြပြောဆိုချက်များကို ကေအန်ယူ ပယ်ချ

**DVB ၊ ဧပြီလ ၂၀ ။** ။ ကေအန်ယူအဖွဲ့ဟာ ကွယ်လွန်သွားတဲ့ ကရင်ခေါင်း ဆောင်ကြီး စောဘိုမြရဲ့မျိုးဆက်တွေကို ဖိနှိပ်ထားပြီး လုပ်ပိုင်ခွင့်အခွင့်အလမ်း တွေကို လက်ဝါးကြီးအုပ်ထားကာ ကိုယ်ကျိုးရှာလုပ်ငန်းတွေကို မစွန့်လွှတ်နိုင်ကြ လို့ နအဖအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု မပြုလုပ်တာဖြစ်တယ်လို့ မကြာသေးမီက နအဖစစ်အုပ်စုနဲ့ ပူးပေါင်းသွားတဲ့ ဗိုလ်ကြီးနေစိုးမြက မြန်မာ့ရုပ်မြင်သံကြား တွေ့ဆုံ မေးမြန်းခန်းတခုမှာ ပြောဆိုလိုက်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြား ရိုက်ကူးအရေးအဖွဲ့က ကရင်ပြည်နယ် ထိုးကော်ကိုးဒေသမှာ ဗိုလ်ကြီးနေစိုးမြကို သွားရောက်တွေ့ဆုံစဉ် ဗိုလ်ကြီးနေစိုးမြက ပြောဆိုလိုက်တာဖြစ်ပြီး ယမန်နေ့ည မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှာ ထုတ်လွှင့်သွားတာပါ။ ကေအန်ယူအဖွဲ့ရဲ့ တွဲဘက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးစောလှငွေက ဗိုလ်ကြီးနေစိုးမြကို ဘယ်လိုသဘောထားတယ်၊ ကေအန်ယူအဖွဲ့ရဲ့လက်ရှိ ခေါင်းဆောင်တွေဟာ ကွယ်လွန်သူကရင်ခေါင်းဆောင်ကြီး စောဘိုမြရဲ့မျိုးဆက်တွေအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကို အခုလိုပြောဆိုပါတယ်။

"စိတ်သက်၊ နိုင်ငံရေးအသက်နဲ့ ဗဟုသုတမှာတော့ သူ့ကို ကျနော်တို့က ကလေးပဲဆိုတော့ သူပြောတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူနားမလည်လို့ မသိလို့ပြောတာပဲလို့ မြေချင်တယ်။ ကျနော်တို့ရဲ့ တပ်ဘက်ဆိုင်ရာ၊ အုပ်ချုပ်ရေးဘက်ဆိုင်ရာ၊ ကွန်ဂရက် ဆုံးဖြတ်ချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေနဲ့အညီ အဲ့ဒီထက်ပိုပြီးတော့ ကျနော်တို့က မလုပ်ဘူး၊ လိုပြီးတော့လည်းမလုပ်ဘူးဆိုတဲ့အပေါ်မှာတော့ သူတို့ပြောသလို မဟုတ်ပါဘူး။ သူ့အမေကိုယ်တိုင်လည်း ဗဟိုကော်မတီဝင်ကိုယ်တိုင်ဖြစ်သလို သူ့အစ်ကိုကြီးဆိုရင်လည်း အထူးတာဝန်ထမ်းဆောင်နေတဲ့ တပ်မှူးကြီးတယောက်ပဲလေ။ သူ့အစ်ကို လောလောဆယ်ရှိနေတယ်ဆိုရင် တပ်ရင်းမှူးပဲလေ။ ကျနော်တို့နဲ့ ကောင်းကောင်းမွန်မွန်နားလည်ပူးပေါင်းပြီး ကျရာတာဝန်တွေကို လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ ပဲ့ထွက်သွားတဲ့ သိုးမဲတယောက်က သူ့ဟာသူ ပြောချင်သလိုပြော၊ သူမသိလို့ ဒါမှမဟုတ် သူများတွန်းအားပေးလို့ အကျပ်ကိုင်လို့ပဲ ပြောတာဖြစ်ပါလိမ့်မယ်။"

ဗိုလ်ကြီးနေစိုးမြဟာ ကွယ်လွန်သူ ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘိုမြရဲ့သားငယ်ဖြစ်ပြီး ပြီးခဲ့တဲ့ မတ်လ ၃၀ ရက်နေ့တုန်းက နောက်လိုက် ၁၅၉ ဦး နဲ့အတူ နအဖအဖွဲ့နဲ့ပူးပေါင်းကာ ကေအန်ယူခွဲထွက် ကေအန်ယူ ကေအန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအခြေစိုက်ရာ ထိုးကော်ကိုးကျေးရွာမှာ သွားရောက်အခြေချတာ ဖြစ်ပါတယ်။ ဗိုလ်ကြီးနေစိုးမြက အခုလိုနအဖနဲ့ပူးပေါင်းလိုက်တာဟာ ကွယ်လွန်သူဖခင်ကြီးစောဘိုမြရဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်တယ်လို့လည်း မြန်မာ့အသံမေးမြန်းခန်း မှာပြောဆိုပါတယ်။ ဒီအဆိုကိုတော့ ဗိုလ်မှူး စောလှငွေက အခုလို ဖြေရှင်းချက်ပေးပါတယ်။

"နိုင်ငံရေးပြဿနာကို မဖြေရှင်းဘဲနဲ့ ဖြတ်လမ်းနည်းတွေနဲ့ ဘယ်ဟာနဲ့မှ ကိုယ့်ရဲ့မူလရည်ရွယ်ချက်ဖြစ်တဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ဘာနဲ့မှ မလဲရေးပဲ။ အဲ့လိုအနေထားပေါ်မှာ ကျနော်တို့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘာပဲဖြစ်ဖြစ် သက်ဆိုင်တဲ့အဖွဲ့တွေရော၊ အမျိုးသားစည်းလုံးရေးနဲ့တိုင်းပြည်တည်ငြိမ်ရေး၊ ညီညွတ်ရေးအတွက်ကိုတော့ တံခါးဖွင့် ဆွေးနွေးနိုင်ရင် ဆွေးနွေး။ "သို့သော်လည်း ချေမှုန်းရေးတခုတည်းကိုသာလျှင် သူတို့သိပြီးတော့ ဆက်ချေမှုန်းနေမယ်ဆိုလို့ရှိရင် အဆုံးစွန်ထိ တိုက်ပွဲဝင်သွားမယ်။ ဒါပဲ ကျနော် ဆိုဆုံးမတယ်၊ အဲ့လိုပဲ ကျနော်နားလည်တယ်။ သူလည်းသူ့အဖေနားမှာ နေခဲ့ရတာပဲ။ အဲ့ဒါကို ဘယ်လိုနားကြားလွဲပြီး ဘယ်လိုအဓိပ္ပာယ်ပြန်သလဲတော့ မပြောတတ်ဘူး။"

ဗိုလ်ကြီးနေစိုးမြနဲ့အဖွဲ့ဟာ ကရင်ပြည်နယ်အေးချမ်းသာယာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်သွားမှာဖြစ်ပြီး နအဖစစ်အုပ်စုရဲ့အကူအညီကိုလည်း ရယူသွားမယ်လို့ပြောဆိုပါတယ်။ သူတို့ရဲ့ ငြိမ်းချမ်းရေးလိုလားမှုကို လက်ခံခဲ့တဲ့ နအဖအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ကြောင်း စကားပြန်က ကရင်ဘာသာစကားနဲ့ ပြောဆိုပါတယ်။ သူ့အနေနဲ့ဒီလိုပြန်လည်ပြီး နိုင်ငံတော်အစိုးရနဲ့ ပူးတွဲလုပ်ဆောင်တဲ့အခါမှာ နိုင်ငံတော်အစိုးရက ကြိုဆိုတဲ့အတွက် နိုင်ငံတော်ခေါင်းဆောင်အကြီးဆုံးကနေ ဟိုးအငယ်ဆုံးအထိ အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း သူက ပြောဆိုတယ်လို့လည်း သတင်းများက ဆိုပါတယ်။

---

# လုပ်အားပေးကြောင့် သား ၂ ဦးဆုံးရသလို ခြိမ်းခြောက်ခံမှုလည်းခံနေရ

**DVB ၊ ဧပြီလ ၂၁ ။** ။ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်အတွင်းမှာ အခမဲ့အလုပ် ခိုင်းစေမှုအတွင်း မြေပိသေဆုံးသွားတဲ့ ညီအစ်ကို ၂ ဦးရဲ့ မိသားစုကို အာဏာပိုင် တွေက ဖိအားပေးခြိမ်းခြောက်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

ငွေးကုန်းကျေးရွာက အသက် ၃၀ အရွယ် ကိုမင်းဦးနဲ့ အသက် ၂၂ နှစ်အရွယ် ကိုမြင့်အောင်တို့ ညီအစ်ကို ၂ ဦးဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက စာသင်ကျောင်းဆောက်လုပ်ရေးအတွက် လုပ်အားပေးလိုက်စဉ် မြေပိသေဆုံးသွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်အိုင်အယ်လ်အိုရုံးကိုတိုင်ကြားတာမကျေနပ်လို့ ငွေးကုန်းကျေးရွာ ရယကဥက္ကဋ္ဌ ဦးစောအောင်အပါအဝင် နယ် မြေခံအာဏာပိုင်တွေက ခြိမ်းခြောက်နေတာလို့ သိရပါတယ်။ ခြိမ်းခြောက်မှုကြောင့် ကိုမင်းဦးနဲ့ ကိုမြင့်အောင်တို့ မိသားစုတွေ စိုးရိမ်ကြောက်လန့်နေကြ တယ်လို့ အဲဒီမိသားစုနဲ့ နီးစပ်သူ ငွေးကုန်းဒေသခံတဦးက ပြောပါတယ်။

"အခြေအနေက အတော်ဆိုးတယ်။ ဥက္ကဋ္ဌတွေက ဖမ်းလို့ရတယ်၊ တရားပြန်စွဲမယ်၊ ထောင်ချမယ် အဲ့လိုကြိမ်းမောင်းတယ်။ သားနှစ်ယောက်လုံး သေရလို့ဒုက္ခရောက်နေတဲ့အချိန်မှာ အခုလိုခြိမ်းခြောက်နေတာ သူ့တို့မှာ တော်တော်ဒုက္ခရောက်နေတာ။ ရယကဥက္ကဋ္ဌ ဦးစောအောင်၊ အဖွဲ့ဝင် ဦးသောင်းရွှေ၊ ဦးမြင့်သန်း၊ ဦးပေသီး သူတို့တွေပေါ့နော်။ အိုင်အယ်အိုအဖွဲ့ကိုလည်း ဂရုမစိုက်ဘူး၊ တိုင်လည်းဘာမှမဖြစ်ဘူးလို့ သူတို့က အဲ့ဒီပုံစံအနေနဲ့ပြောနေတာ။ ခြိမ်း ခြောက်တော့လည်း တောင်သူလယ်သမားဆိုတော့ ကြောက်တာပေါ့။ ကြောက်ပြီးတော့ ထမင်းမစားဟင်း မစားပဲဖြစ်နေတာ။"

လုပ်အားပေးခိုင်းခဲ့သူတွေကတော့ ငွေးကုန်း ရယကဥက္ကဋ္ဌ ဦးစောအောင်၊ ရယကအဖွဲ့ဝင် ဦးသောင်းရွှေနဲ့ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးသာဉာဏ်၊ အဖွဲ့ဝင် ဦးမြင့်သန်းတို့ ဖြစ်တယ်လို့ ဆိုပါတယ်။ စာသင်ကျောင်းဆောက်ဖို့အထက်က ငွေချပေးထားတဲ့ကြားကနေ အဲဒီလူတွေက ဒေသခံတွေကို ကျောင်းရန်ပုံငွေ ထည့်ခိုင်းတဲ့အပြင် အခမဲ့အလုပ်ခိုင်းစေခဲ့ရာမှာ ကိုမင်းဦးနဲ့ ကိုမြင့်အောင်တို့ ညီအကို ၂ ဦး လုပ်အားပေးခိုင်းစေမှုအတွင်း မြေပိသေဆုံးသွား တာလို့ ငွေးကုန်းဒေသခံက ပြောပါတယ်။

"သူတိုညီအကိုနှစ်ယောက်လုံး ကျောက် ၁၅ တင်း၊ သဲ ၁၅ တင်း သွားတူးတာ တူးတဲ့နေရာမှာ ဂလိုဏ်ဖြစ်သွားတာ။ ကမ်းပါးဘေးကနေပြီးတော့ တူးရင်းနဲ့ မြေပိသေသွားတာပဲ။ ငွေလည်းပေးရတယ်၊ လုပ်အားပေးလည်း လိုက်ရတယ်။"

ကိုမင်းဦးတို့ သေဆုံးတဲ့ကိစ္စနဲ့ပတ်သက်ပြီး မိသားစုဝင် ၂ ဦးကို ဒီလ ၃ ရက်နေ့က ပဲခူးမြို့ ခရကရုံးက ခေါ်ယူစစ်ဆေးရာမှာ ဘယ်သူနဲ့မှဆက်သွယ်စကားပြောခွင့်မပြုဘဲ အာဏာပိုင်တွေက သတိထားစောင့်ကြည့်နေတယ်လို့လည်း သူက ပြောပါတယ်။ လုပ်အားပေးခိုင်းခဲ့သူတွေကိုလည်း ခရကရုံးက ခေါ်ယူစစ်ဆေးပေးမယ့် အခုအထိ အရေးယူတာ မရှိသေးဘူးလို့ သိရပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲ မဲဆွယ်ရန် ရှမ်းနှင့်ရခိုင်တွင် အက်ဖ်အမ်ရေဒီယိုကိုသုံးမည်

**DVB ၊ ဧပြီလ ၂၂ ။** ။ ၂၀၁၀ ရွေးကောက်ပွဲအတွင်းမှာမဲဆွယ်ဖို့ ရှမ်းနဲ့ ရခိုင် အက်ဖ်အမ်ကို လာမယ့် ဇွန်လမှာ စတင်ထုတ်လွှင့်တော့မယ်လို့ မြန်မာ့အသံနဲ့ နီးစပ်သူတယောက်က ပြောပါတယ်။

ရှမ်းပြည်နယ် အက်ဖ်အမ်အတွက် ရွှေဒေါင်းက ဦးစီးပြုလုပ်မှာဖြစ်ပြီး ရခိုင်အက်ဖ်အမ်ကိုတော့ ဖော်အဲဗားက ဦးစီးပြုလုပ်မှာလို့ ဆိုပါတယ်။ ရခိုင်အက်ဖ်အမ်ကို ပဥ္စဝတီဆိုတဲ့အမည်နဲ့ထုတ်လွှင့်မှာဖြစ်ပြီး အစီစဉ်တွေကို ကိုနိုင်သန်းက ဦးစီးထုတ်လွှင့်မှာဖြစ်သလို ရှမ်းအက်ဖ်အမ်ကိုတော့ ဇင်ယော်မောင်မောင်က ဦးစီးထုတ်လွှင့်သွားမှာဖြစ်တယ်လို့ မြန်မာ့အသံနဲ့နီးစပ်သူတယောက်က ပြောပါတယ်။

"မြန်မာ့အသံမှာပေ့ါနော် စတေရှင် ၂ ခုလွှင့်ဖို့ အစီအစဉ်ရှိတယ်။ တခုက ရှမ်းအစီအစဉ် တခုက ရခိုင်အစီအစဉ်။ ရေဒီယိုအစီအစဉ်တွေကို သာမန်လွှင့်နေကျ အစီအစဉ်အတိုင်းလွှင့်ပြီး ရွေးကောက်ပွဲကာလမှာမဲဆွယ်ဖို့ အဓိကထားပြီး လုပ်သွားတာလို့ သိရပါတယ်။

"ရှမ်းအစီအစဉ်က ရှမ်းပြည်နယ်ဘက်ကိုပဲ အက်ဖ်အမ်လွှင့်ပြီးတော့ အဲ့ဒီကလူတွေပဲ ဖမ်းလို့ရမယ်။ ရခိုင်ကလည်း ရခိုင်ကလူတွေပဲဖမ်းလို့ရမယ်၊ ကျန်တဲ့လူတွေဖမ်းလို့ ရမှာမဟုတ်ဘူး။ သူတို့ကြိုးဆွဲလို့ရမယ့်သူတွေအတွက် သူတို့က နေရာပေးမှာပဲလေ ဒါကတော့ သဘာဝပဲ။"

အက်ဖ်အမ်ရေဒီယိုထုတ်လွှင့်ခွင့်လိုင်စင်ကို အစိုးရခွင့်မပြုဘဲ မရနိုင်တဲ့အတွက် အစိုးရနဲ့နီးစပ်တဲ့သူပဲရနိုင်ပါတယ်။ ဒါကြောင့် အခုထုတ်လွှင့်နေတဲ့ ရန်ကုန်နဲ့မန္တလေးစီးတီးအက်ဖ်အမ်လည်း ရာသီဉတုသတင်း၊ အရေးပေါ်သတင်းနဲ့ သီချင်းတွေကလွဲလို့ တခြားဘာသတင်းကိုမှ ထုတ်လွှင့်ခွင့်မရှိဘူးလို့ ရန်ကုန် စာနယ်ဇင်းအယ်ဒီတာကတယောက်က ပြောပါတယ်။

"လိုင်စင်က အစိုးရခွင့်မပြုရင်မရနိုင်ဘူး။ အစိုးရနဲ့နီးစပ်တဲ့လူတွေပဲ ပေးတာများတယ်။ မန္တလေးဆိုရင်လည်း မန္တလေးမှာလည်း ရန်ကုန်မှာလုပ်တဲ့ သူတို့အုပ်စုပဲ ပြန်ရတဲ့သဘောရှိတာပေ့ါ။ စီးပွားရေးအရ တွက်ခြေမကိုက်ရင် ပစ်မှာပေ့ါနော်၊ အစိုးရဘက်က လိုင်စင်ထုတ်ပေးထားတာပဲရှိတာ ဘာမှ ထောက်ပံ့ပေးထားတာမဟုတ်ဘူး။ တခုတော့ရှိတယ်၊ သူတို့အဲ့ဒီ ဝါဒဖြန့်တာတွေ နည်းနည်းပါးပါးလုပ်ရင်တော့ရမှာပေ့ါ။ အဲ့ဒါတော့ ရှိကောင်းရှိနိုင်မယ်။ ရန်ကုန်မှာ စီးတီးအက်ဖ်အမ်ကို သူတို့သတင်းမှ ခွင့်မပြုတာ။ သတင်းခွင့်မပြုတော့ သတင်းဆောင်းပါးပုံစံမျိုး အပေါင်းတွေကို စီစစ်ပြီးတော့ခွင့်ပြုရတယ်။ အဖွဲ့အစည်းဆိုရင်လုံးဝခွင့်မပြုဘူး။"

အစိုးရက ပြည်နယ်နဲ့တိုင်းတွေမှာ ရေဒီယို အက်ဖ်အမ် ၄ လိုင်းတိုးချဲ့ထုတ်လွှင့်ဖို့ ပြီးခဲ့တဲ့လက သဘောတူခဲ့တာ ဖြစ်ပါတယ်။ အစိုးရဟာတိုးချဲ့ အက်ဖ်အမ်ရေဒီယို ထုတ်လွှင့်ဖို့ ဘာကြောင့်သဘောတူရလဲဆိုတာကို သေချာတဲ့အကြောင်းပြချက်မပေးပေမယ့် ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲဆွယ်ဖို့ပြင် ဆင်နေတာဖြစ်တာဖြစ်သလို အစိုးရနဲ့ နီးစပ်သူတွေပဲရရှိတဲ့အတွက် သူတို့လိုရာကို ဆွဲသုံးမှာဖြစ်တယ်လို့ အဲဒီစာနယ်ဇင်းအယ်ဒီတာကပဲ သူ့ထင်မြင်ချက် ကိုပြောပါတယ်။ လာမယ့်ရွေးကောက်ပွဲကို စစ်မှန်တဲ့ရွေးကောက်ပွဲဖြစ်ဖို့မျှော်လင့်သလို နိုင်ငံကောင်းဖို့ ဦးဆောင်ပေးမယ့်သူတွေ အခွင့်အရေးမရမှာကို စိုးရိမ်ရနေတယ်လို့ မြန်မာ့အသံနဲ့ နီးစပ်တဲ့သူကပြောပါတယ်။

# ရေနှင့် အစားအသောက်မသန့်၍ ဝမ်းရောဂါများဆက်လက်ဖြစ်ပွား

**DVB ၊ ဧပြီလ ၂၀ ။** ။ ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တွေမှာ အစားအသောက် နဲ့ သောက်သုံးရေ မသန့်ရှင်းမှုတွေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါတွေဖြစ်ပွား နေဆဲလို့ သိရပါတယ်။

မြောက်ဥက္ကလာပနဲ့ သာကေတမြို့နယ်တွေမှာ ဒီလ ၈ ရက်နေ့ကတည်းကစပြီး ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ဖြစ်ပွားခဲ့တာပါ။ မြောက်ဥက္ကလာပမှာဆိုရင် ဒေသခံပြည်သူ အတော်တော်များများ ဝမ်းရောဂါကူးစက်ခံရတဲ့အတွက် ဆေးရုံတောင် ကုတင်မဆန့်ဖြစ်နေတဲ့အပြင် အရေးကြုံလာပါက အခက်အခဲမရှိအောင် အာဏာပိုင်တွေဘက်က အရေးပေါ် သူနာပြုယာဉ်တစီးကိုတောင် အသင့်အနေထားနဲ့ တာဝန်ယူ စီစဉ်ပေးထားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။ ဝမ်းရောဂါကူးစက်ပြန့်ပွားရတာဟာ ဒေသခံတွေ အမြဲသောက်သုံးနေတဲ့ ဂျိုးဖြူရေပိုက်ကရေ မသန့်ရှင်းတာကြောင့် ဖြစ်နိုင်တယ်လို့ မြောက်ဥက္ကလာပ ၂ ရက်ကွက်က ဒေသခံက အမျိုးသမီးတဦးက ပြောပါတယ်။

"ပိုက်ကထွက်လာတဲ့ရေတွေက ၁၀ မိနစ် ၁၅ မိနစ်လောက်အထိ မည်းမည်းတွေ ထွက်လာပြီး နောက်မှ ရေနည်းနည်းလေးသန့်သွားတယ်လို့ သိရတယ်။ ကြည့်ရတာ သူတို့ပိုက်က ပေါက်နေတာလား၊ ဒါမှမဟုတ် ကန်ကြီးထဲကပဲ ဖြစ်သလားတော့ တိတိကျကျ မသိဘူးပေ့ါနော်။ ၂ ရပ်ကွက်က အကုန်လုံး အဲဒီပိုက်က ရေတွေ သောက်နေကြတာပဲ။"

သောက်သုံးရေတွေကို ပြည်သူတွေ စိတ်ချလက်ချ သောက်သုံးနိုင်ဖို့ အစိုးရ ရေသန့်ဌာနတွေက ဂရုတစိုက်ဆောင်ရွက်သင့်တယ်လို့လည်း မြောက်ဥက္ကလာပမှ တခြားအိမ်ရှင်မတဦးက ပြောပါတယ်။ သာကေတမြို့နယ်မှာလည်း အစားအစာမသန့်ရှင်းမှုနဲ့သောက်သုံးရေ မသန့်ရှင်းမှုတွေကြောင့် ဒေသခံအချို့ ဝမ်းရောဂါဖြစ်ပွားခဲ့ပြီး သေဆုံးသူ အချို့ရှိခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် အစားအသောက်အချို့ကို ရောင်းချမှုပိတ်ပင်ထားတယ်လို့ သာကေတကမြို့နယ်က အိမ်ရှင်မတဦးက ပြောပါတယ်။

"ဝက်သားတုတ်ထိုး၊ မုန့်ဟင်းခါး၊ ကိုးရီးယားတုတ်ထိုးတို့၊ မုန့်ဟင်းခါးအသုတ်၊ အုန်းနို့ခေါက်ဆွဲ၊ ကြံရည် အဲဒါတွေ တားထားတယ်။ တချို့တွေကလည်း ပြန်ရောင်းနေတယ်။"

ဒေသခံတွေအများဆုံးအသုံးပြုတဲ့ သာကေတ ၄ ရပ်ကွက်က မြကန်သာကန်ကရေတွေကို မသောက်သုံးကြဖို့ပါတားမြစ်ထားတဲ့အတွက်ရေသန့်ဝယ်မသောက်နိုင်တဲ့ ဒေသခံတွေအခက်တွေ့နေကြတယ်လို့လည်း သူကပဲ ပြောပါတယ်။ အခု ဝမ်းရောဂါခံစားခဲ့ရတဲ့ရပ်ကွက်တွေမှာ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေက ဆေးဝါးကုသမှုတွေစတင်ပြုလုပ်ပေးနေတယ်လို့ဆိုပေမယ့် လုံလောက်မှုမရှိသေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။ ဆေးဝါးကုသမှုတွေလုပ်ပေးနေတယ်ဆိုတဲ့ သာကေတမြို့နယ်ကျန်းမာရေးမှူးရုံးကို မေးမြန်းရာမှာ...

"အဲဒါနဲ့ပတ်သက်လို့ သိချင်ရင်တော့ ရန်ကုန်တိုင်း ကျန်းမာရေးမှူးရုံးကိုပဲ ဖုန်းဆက်မေးလိုက်ပါနော်။ ကျမတို့က ဘာမှပြောပိုင်ခွင့်မရှိလို့ပါ"။

တာဝန်ကျဝန်ထမ်းက ပြောပြတာဖြစ်ပါတယ်။ တိုင်းကျန်းမာရေးမှူးရုံး၊ ရန်ကုန်မြို့တော်စည်ပင်နဲ့ ကျန်းမာရေးဌာနတွေကို ဆက်သွယ်စုံစမ်းပေမယ့် ဆက်သွယ်လို့ မရပါဘူး။

**သတင်းပြက္ခဒိန်မှ**

နအဖမှ (ထောင်၂ နှစ်ကျနိုင်သော) ဘာသာရေးပြစ်မှုဖြင့် အရေးယူနေ၏။

**ဧပြီ ၂၄ ၊ BRUSSELS ။ ။** တိုးတက်မှုရှိက အဆင့်မြင့်ဆွေးနွေးမှုပြုမည်ဖြစ်သော်လည်း လတ်တလော မြန်မာအပေါ်ပိတ်ဆက်မှုများကို နောက်ထပ်တနှစ်တိုးရန် အီးယူမှ ဆုံးဖြတ်လိုက်ကြောင်း။

**ဧပြီ ၂၅ ၊ Asia Times ။ ။** အိုဘားမားအစိုးရသည် မြန်မာအပေါ်ကျင့်သုံးမည့်မူကို အချိန်သိပ်မကျန်၍ တိကျမြန်စွာဖေါ်ထုတ်သင့်၏ဟု B McCartan မှသုံးသပ်၏။

# မြိတ် – ထားဝယ်ကြား ကားလမ်းဖောက်မှု လယ်မြေများသိမ်းခံရ

**NMG ၊ ဧပြီ ၂၁ ။** ။ မြန်မာနိုင်ငံတောင်ပိုင်း၊ မြိတ်–ထားဝယ်ရထားလမ်း ဖောက်လုပ်ရေးအတွက် ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံအာဏာပိုင်များက ကျေးရွာသားများ၏လယ်ယာမြေများကို သိမ်းဆည်းနေသည်ဟု ထားဝယ်လူငယ်အစည်းအရုံးမှတာဝန်ရှိသူက ပြောပါတယ်။

ထားဝယ်မှမြိတ်ရထားလမ်းတကြောရှိ ကျေးရွာများ၏လယ်ယာမြေများကို သိမ်းဆည်းခံရသည်ဟု ထားဝယ်လူငယ်အစည်းရုံး၏ ဗဟိုကော်မတီဝင် ကိုဇေက အခုလိုပြောပါတယ်။ “သင်းကျွန်းရွာရယ်၊ ညောင်စင်ဆိုတဲ့ရွာရယ် အဲဒီတပိုက်တကြောကို ရထားလမ်းကျတဲ့လမ်းကြောင်းတွေပေ့ါ။ အဲဒီရွာတွေကတော့ အကုန်သိမ်းခံရတယ်။ ရထားလမ်း ရထားကြောမိတဲ့နေရာတွေမှာကတော့ မြေတွေ လယ်တွေသိမ်းတယ်။ သိမ်းတာက တချို့လျော်ကြေးနည်းနည်းပါးပါးရတဲ့ လူတွေလည်းရှိတယ်။ ဘာမှမရတဲ့သူတွေလည်းရှိတယ်။ ကျနော်နဲ့သိတဲ့အစ်မဆိုရင် သူ့နာမည်က မစိုးစိုးမာလို့ခေါ်တယ်။ သူ့အိမ်ကဆိုရင်လည်း ရထားလမ်းဖြတ်သွားလို့ဆိုပြီး လယ်တကေပါသွားတယ်။ သူ့အစ်မဆိုရင်လည်း လယ်တကေပါသွားတယ်။ ကျန်တဲ့လူတွေလည်း အကုန်လုံးပါတာဘဲ ပါတာကတော့။”

လယ်မြေများကိုအခုအပတ်အတွင်းမှ သိမ်းဆည်းခံရခြင်းဖြစ်ပြီး အသိမ်းခံရသူအချို့မှာ လယ်တကေလျှင် ကျပ်ငွေ ၂၀,၀၀၀ နှုန်းဖြင့် ပြန်ပေးသော်လည်း အများစုမှာလျော်ကြေးငွေမရကြဟု ကိုဇေကပြောပါတယ်။ “ဒီဟာနဲ့ပတ်သက်ပြီး ကျနော်တို့ဘက်က ဘာမှအထွန့်တက်ပြီးပြောရဲစရာမရှိဘူး။ အကုန်လုံးကကြောက်နေကြတာချည်းဘဲကိုး။ ဒီအတိုင်းဘဲဖြစ်နေကြတာပေ့ါ။ အခုအထိဘဲ ဒီရထားလမ်းက ကျနော်တို့ကြားတာက မြိတ်အထိဖောက်မယ်။ အခုကတော့ ညောင်စင်ဆိုတဲ့ရွာကိုရောက်နေပြီ။ ညောင်စင်ဆိုတာက ထားဝယ်ခရိုင်။”

အခုလိုရထားလမ်းဖောက်လုပ်ခြင်းသည် ဒေသခံပြည်သူအတွက်အကျိုးမရှိသည့်အပြင် ရထားလမ်းထက်ကားလမ်းကို ဒေသခံများကအသုံးပြုမှုများကြောင်း၏ ရထားလမ်းဖောက်လုပ်မှုကြောင့် ဒေသခံများ လယ်ယာမြေများသိမ်းဆည်းခံရမှုနှင့် အတင်းအဓမ္မလုပ်အားပေးခံရမည့် ဝန်ထုတ်ဝန်ပိုးသဖွယ်ဖြစ်သည်ဟု ထားဝယ်အမျိုးသမီးတဦးက ပြောပါတယ်။

“ရွာမှာတော့ပြောနေတယ်၊ ရထားလမ်းဖောက်နေတယ်လို့ လေးနှစ်စီမံကိန်းလိုပြောတယ်။ ရထားလမ်းဖောက်တာတော့ဘယ်ကြိုက်မလဲ။ ရွာတွေပါမှာစိုးလို့။ သူတို့ပစ္စည်းတွေရှုံးမှာစိုးလို့ ခုထက်ထိ ဘယ်လောက်သိမ်းတယ်ဆိုတာမသိဘူး။ မပြီးသေးဘူး” လယ်မြေများသိမ်းဆည်းခံရလျှင် လုပ်ကိုင်စားသောက်ရန် အခက်အခဲဖြစ်လာနိုင်မည့်အကြောင်းကို ထားဝယ်အမျိုးသားတဦးက အခုလိုထပ်ပြောပြပါတယ်။

“သေချာတာကတော့ဗျာ လယ်သိမ်းပြီဆိုမှတော့ လယ်ဘယ်မှာလုပ်လို့ရမှာလဲ လယ်လုပ်လို့မရတော့ဘူး။ လယ်လုပ်လို့မရတော့ဘူးဆိုမှ စားဘို့သောက်ဘို့ဘယ်လိုလုပ်လာမလဲ။ ကျနော်တို့ကနောက်ဆုံးလယ်သိမ်းခံရပြီဆိုရင် လယ်တော်တော်များများပါသွားပြီဆိုရင် သေချာတယ် ကျန်တဲ့နေရာတွေမှာ ကျနော်တို့အလုပ်သွားလုပ်ရတော့မယ်။ ဥပမာ ထိုင်းလိုနေရာမျိုးမှာ ရွှေ့ပြောင်းအလုပ်သမားပုံစံနဲ့လာအလုပ်လုပ်ရတော့မယ်။ ရွှေ့ပြောင်းအလုပ်သမားလုပ်ပြီဆိုကတည်းက ဖမ်းခံရမှာကြောက်တာနဲ့ ကျန်းမာရေးအနေအထားရော အကုန်လုံးကျဆင်းသွားပြီလေ။”

ထားဝယ်ခရိုင်အတွင်းတွင် ရထားလမ်းဖောက်လုပ်ရန်အတွက် လယ်မြေများသိမ်းဆည်းခံသည့်နည်းတူ တိုင်းရင်းသားလူငယ်အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး၊ မွန်လူငယ်များအစည်းအရုံး နှင့် ပအိုဝ်းလူငယ်အစည်းအရုံး သုံးဖွဲ့စုပေါင်း ‘ကျွန်ုပ်တို့၏မြေယာများကို သိမ်းပိုက်ထားခြင်း’ အစီရင်ခံစာကိုယနေ့ထုတ်ပြန်လိုက်သည်။

# မြန်မာပြည်ထုတ်ကုန်အချို့မသုံးစွဲရ

**DVB ၊ ဧပြီ ၂၂ ။** ။ ထိုင်းနိုင်ငံ မယ်လဒုက္ခသည်စခန်းမှာ မြန်မာပြည်ကထုတ်တဲ့ ကုန်ပစ္စည်းအချို့ကို မသုံးစွဲဖို့ ထိုင်းအာဏာပိုင်တွေက တားမြစ်နေပါတယ်။

ဒုက္ခသည်စခန်းတွေကနေ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ဖို့သွားရောက်ကြတဲ့ ဒုက္ခသည်တွေကို ကျန်းမာရေးစစ်ဆေးမှုတွေလုပ်တဲ့အခါ ခဲအဆိပ်သင့်မှုတွေ တွေ့နေရလို့ ထိုင်းအာဏာပိုင်တွေနဲ့ စခန်းကော်မတီက အခုလိုတားမြစ်လိုက်တာဖြစ်တယ်လို့ စခန်းကော်မတီဝင်တဦးက ပြောပါတယ်။

“ခဲအဆိပ်ကို စစ်ဆေးတော့ မြန်မာပြည်က ထွက်တဲ့ဆေးတွေထဲမှာ ပါတဲ့အတွက်ကြောင့် အကြောင်းကြားပြီးတော့ စခန်းထဲမှာ အသိပေးလိုက်တယ်။ အဲ့ဒီဆေးတွေ မရောင်းဖို့ ထိုင်းအာဏာပိုင်နဲ့ ကျနော်တို့ စခန်းကော်မတီတွေ ပဲထုတ်ထားတာ။ အခုလောလောဆယ် ခဲဆိပ်နဲ့ပတ်သက်တာ စစ်ဆေးတဲ့အခါ ၉ မျိုး ပါသွားတယ်ဆိုတော့ အခုမရောင်းတော့ဘူး။”

တားမြစ်လိုက်တဲ့ ကုန်ပစ္စည်း ၉ မျိုးကတော့ ဒုက္ခသည်တွေ နေ့တရူ၀ အသုံးပြုနေကြတဲ့ တိုင်းရင်းဆေး၊ သနပ်ခါးမှုန့်၊ ဟင်းချက်အမွှေးအကြိုင်တွေ စတာတွေနဲ့ ဒန်အိုး၊ ဒန်ခွက်၊ ရေနွေးကရားစတဲ့ သတ္တုနဲ့ပြုလုပ်ထားတဲ့ မီးဖို ချောင်သုံးတွေဖြစ်ပါတယ်။ တိုင်းရင်းဆေးနဲ့ ဟင်းချက်အသုံးအဆောင်တွေဟာ မြန်မာပြည်တွင်းက ဝင်ရောက်လာတာဖြစ်ပြီး အခုလိုတားမြစ်လိုက်လို့ ဒုက္ခသည်တွေအတွက် အခက်ကြုံရတာတွေလည်း ရှိနေပါတယ်။

ပြဿနာကြီးကြီးမားမားတော့ မရှိဘူးလို့ မယ်လဒုက္ခသည်စခန်း တာဝန်ရှိသူက ပြောပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်က မယ်လဒုက္ခသည်စခန်းမှာ အစာအဆိပ်သင့်လို့ ၅ နှစ်အရွယ် ကလေးငယ်တယောက်သေဆုံးပြီး အခြားကလေး ၄ ယောက်နဲ့ အမျိုးသမီးတယောက်ကို မဲဆောက်ဆေးရုံကို ပို့ဆောင်ကုသခဲ့ရပါသေးတယ်။ အခုအချိန်မှာတော့ ဆေးရုံတက်ခဲ့ရသူတွေ ကျန်းမာရေးပြန်ကောင်းလာလို့ ဒုက္ခသည်စခန်းကို ပြန်ရောက်နေပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဒဏ်ကြောင့် သိန်းနဲ့ချီတဲ့ မြန်မာပြည်သားတွေ ထိုင်း–မြန်မာနယ်စပ်တလျှောက်က ဒုက္ခသည်စခန်းတွေမှာ ခိုလှုံနေရပါတယ်။

# ဆုတောင်းပွဲကျင်းပသူကို တရားစွဲ

**RFA ၊ ဧပြီ ၂၂ ။** ။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲကျင်းပလို့ ဧပြီ ၂၁ ရက်၊ မနေ့ကဖမ်းဆီးခံလိုက်ရတဲ့ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်ဖေနဲ့ စည်းရုံးရေးမှူးကိုအောင်စိုးဝေတို့ကို ဒီနေ့ တွံတေးမြို့နယ်တရားရုံးမှာ သာသနာညှိုးနွမ်းစေတဲ့ အက်ဥပဒေပုဒ်မနဲ့စွဲချက်တင်လိုက်တယ်လို့ သတင်းရရှိပါတယ်။

သူတို့ကိုရုံးထုတ်တာနဲ့ပတ်သက်လို့ နီးစပ်သူတဦးကအခုလိုပြောပြပါတယ်။ “၁ နာရီခွဲကျော်ကျော် ၃ နာရီလောက် အဲဒီမှာရုံးထုတ်တဲ့နေ့ ရဲစခန်းကခေါ်လာတာပေ့ါ။ တရားရုံးကို ၂၈ ရက်နေ့ချိန်းတယ်၊ ခေါ်သွားတော့ ရဲစခန်းကိုဘဲပြန်ခေါ်သွားတာ။ ရှေ့နေပါတယ်။ ရှေ့နေကဦးကြင်တိုး။” တွံတေးမြို့နယ်၊ ဇီးဖြူကုန်းရွာ ဖက်တရာဘုရားမှာ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲကျင်းပခဲ့တဲ့အတွက် အရင်ဆုံး ကျေးရွာမီးသတ်တာဝန်ရှိသူက ကိုအောင်စိုးဝေကို ရယကအဖွဲ့ကဆင့်ခေါ်လို့ လာတွေ့ဘို့ ပြောဆိုကြောင်း၊ ကိုအောင်စိုးဝေကတရားဝင်စာနဲ့ခေါ်မှ လာနိုင်မယ်လို့အကြောင်းပြန်လိုက်တဲ့အတွက် ရယကဥက္ကဋ္ဌက စာနဲ့ဆင့်ခေါ်ခဲ့ကြောင်း နီးစပ်သူဒေသခံတွေကပြောပါတယ်။ ဦးချစ်ဖေကတော့ဆင်ခေါ်တဲ့အထဲမှာမပါပေမယ့် ကိုအောင်စိုးဝေအဖော်ရအောင်လိုက်သွားရာမှာ သူ့ကိုပါဖမ်းဆီးထားလိုက်တာဖြစ်တယ်လို့ ပြောပြပါတယ်။




## အာဏာရှင်များ၏ညှဉ်းပန်းနှိပ်စက်မှု

နအဖစစ်အာဏာပိုင်တွေဟာ သူ့ကို ဝေဖန်ပြစ်တင်သူတွေကို ညှဉ်းပမ်းနှိပ်စက်မှုတွေလုပ်နေတဲ့အတွက် မြန်မာပြည်ရဲ့လူ့အခွင့်အရေးအခြေအနေကို ပိုမိုစောင့်ကြပ်ကြည့်ရှုဖို့လိုအပ်တယ်လို့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအရာရှိတဦးက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မြန်မာစစ်အာဏာပိုင်တွေဟာ ကန့်ကွက်ပြောဆိုမှုတွေကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ဖို့ ကုလသမဂ္ဂနဲ့ပူးပေါင်းခြင်း မရှိဘူးလို့ ဆိုပါတယ်။ **(RFA, 22.4.2009)**

## မလေးရှားမှ နှိပ်ကွပ်မှု

မလေးရှားမှာ မြန်မာပြည်က တရားမဝင်လုပ်သားများကို ဖမ်းဆီးနှိပ်စက်မှုတွေကို ပြုလုပ်နေတယ်လို့ သိရပါတယ်။ ဧပြီ ၂၂ ရက်နေ့မှာတင် မလေးရှားအာဏာပိုင်တွေက မြန်မာပြည်သား အနည်းဆုံး ၂၀၀ ကို သိမ်းကျုံးဖမ်းဆီးခဲ့ရာ ဒုက္ခသည်နှင့်ပတ်သက်သည့်အထောက်အထားစာရွက်စာတမ်းများရှိသူတရားဝင်နေထိုင်သူများလည်းပါဝင်ပါတယ်။ **(MIZZIMA, 23.4.2009)**

## HIV ရောဂါဆေး

ယခုနှစ် ပထမ ၃ လအတွင်းမှာ HIV ရောဂါပိုးရှိသူများအတွက် ART ဆေး ဝေဒနာရှင် ၁၈၀၀ ကျော်ကို ပေးနိုင်တယ်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံထဲမှာ ဆေးစားဖို့လိုတဲ့သူ ၇၅၀၀၀ ကျော်ရှိပြီး အဲဒီအထဲက ၁၄၀၀၀ ကျော်ဟာ ဆေးပုံမှန်ရကြပါတယ်၊ လောလောဆယ်မှာပျမ်းမျှ တနှစ်ကို လူ ၂၅၀၀၀ HIV/AIDS နဲ့သေဆုံးလျက်ရှိတယ်လို့ ပြည်တွင်းထုတ်ဂျာနယ်တစောင်မှာ အစီရင်ခံထားပါတယ်။ **(XINHUA, 23.4.2009)**

## နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး

ဗြိတိန်မှုထိပ်တန်းနိုင်ငံရေးသမားလည်းဖြစ် လွှတ်တော်အမတ်များလည်းဖြစ်တဲ့ ဝီလီယံဟိဂ်၊ နီးလ်ကင်းနော့၊ ဒေးဗစ်စတီးလ်တို့က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ မြန်မာပြည်က နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကို ဦးစားပေးလုပ်ဆောင်ဖို့ တိုက်တွန်းလိုက်ပါတယ်။ ကုလသမဂ္ဂဟာ ၂၀၁၀ ရွေးကောက်ပွဲ တရားမျှတရေးနဲ့ အားလုံးပါဝင်နိုင်ရေးကို ဦးစားပေးလုပ်ကိုင်နေပါတယ်။ **(CSW, 23.4.2009)**

## ဖြစ်ရပ်မှန်နှင့်မကြိုကြိုက်စေလို

ဧပြီလဆန်းက ဗိုလ်တထောင်မြို့နယ်တွင်းဖြစ်ပွားခဲ့သော ဇနီးမောင်နှံနှစ်ဦးအားသတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ ရေးသားဖော်ပြခြင်းမပြုဖို့ ရန်ကုန်ရှိ အပတ်စဉ်ထုတ်ဂျာနယ်တွေကို အာဏာပိုင်တွေက ညွှန်ကြားထားတယ်လို့ သိရပါတယ်။ ရန်ကုန်ရှိစာနယ်ဇင်းသမားတွေကတော့ အဲဒီလူသတ်မှုဟာ စစ်တပ်အသိုင်းအဝိုင်းနဲ့ ဆက်နွှယ်မှုရှိလို့ ဖော်ပြခွင့်မရတာလို့ တွက်ဆပြောဆိုနေပါတယ်။ **(MIZZIMA, 23.4.2009)**

## အောင်လက်မှတ်ဈေးတက်

အခြေခံပညာ မူလတန်း၊ အလယ်တန်းနဲ့ ၁၀မ တန်းကျောင်းသားတွေရဲ့ ၂၀၀၈–၂၀၀၉ ပညာသင်နှစ် အောင်စာရင်းတွေကို ဒီလ ၁၈ ရက်နေ့က သက်ဆိုင်ရာကျောင်းများမှာ ထုတ်ပြန်ကြေညာပါတယ်။ စာမေးပွဲအောင်တဲ့ ကျောင်းသားတွေ ဟာ အောင်လက်မှတ်အတွက် ပြီးခဲ့တဲ့နှစ်က ကျောင်းကို ၂၀၀ ကျပ်သာပေးရပေမယ့် ဒီနှစ် ၅၀၀ ကျပ်ပေးမှ ထုတ်လို့ရမယ်ဆိုလို့ ကျောင်းသားမိဘတွေ အခက်တွေ့နေရတယ်လို့ သိရပါတယ်။ **(DVB, 20.4.2004)**

## ကျုပ်တို့မေးတာအရင်ဖြေ

UWSA ဟာ နအဖရဲ့ဖိအားပေးတာကို ခံနေရပါတယ်။ သူတို့ကို စစ်အာဏာပိုင်တွေကနေပြည်တော်လက်အောက်လာရောက်ပူးပေါင်းမလား မပူးပေါင်းဘူးလားဆိုသည့်အမေးကိုဖြေရန်ဖိအားပေးနေတာပါ၊ ဒါပေမဲ့ UWSA ခေါင်းဆောင်တဦးက အမျိုးသားညီလာခံကို သူတို့တက်ခဲ့ကြောင်းနဲ့ UWSA ထိန်းချုပ်နယ်မြေကို နေပြည်တော်ကတိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ထားရန်တောင်းဆိုချက်ကို ယခုတိုင်အကြောင်း မပြန်သေးကြောင်း၊ ဒါကြောင့် နအဖရဲ့အမေးကို မဖြေနိုင်သေးကြောင်း ဆိုပါတယ်။ **(SHAN. 24.4.2009)**

## နအဖသွေးထိုးချက်

မွန်တိုင်းရင်းသားလက်နက်ကိုင်တွေကြားထဲမှာလည်း အချင်းချင်းတိုက်ခိုက်မှုတွေရှိနေပြီလို့ သိရပါတယ်။ နအဖနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ မွန်ပြည်သစ်ပါတီကနေ ခွဲထွက်ခဲ့တဲ့အုပ်စုနဲ့ မွန်ပြည်သစ်ပါတီအုပ်စုတို့ ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာသင်္ကြန်ပွဲခင်းအတွင်း ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ မွန်အသိုင်းအဝိုင်းအတွင်းမှာတော့ နောင်မှာ အခုလိုပစ်ခတ်မှုတွေပိုများလာလိမ့်မယ်လို့ တွေးတောပူပန်မှုတွေရှိနေတယ်လို့ သိရပါတယ်။ **(KAOWAO 24.4.2009)**

## မြန်မာ့ကြေးစားဘောလုံးလောက

နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာပြည်မှာ ကြေးစားဘောလုံးကလပ်သင်းများပြုလုပ်ရန် ခွင့်ပြုတယ်လို့ ဆိုတဲ့အတွက် မြန်မာပြည်မှာကြေးစားဘောလုံးလောကဖြစ်ထွန်းလာဖို့ရာရှိပါတယ်။ လူအများ စိတ်ဝင်တစားနဲ့ပြောဆိုလျက်ရှိပြီး နိုင်ငံရေးကိစ္စကို အာရုံသိပ်မထားစေရန်လုပ်ဆောင်ချက်လားဟု တွေးတောသူများလည်းရှိနေပါတယ်။ **(IRRAWADDY, VOB, 20.4.2009)**

## ချင်းပြည်နယ်တွင်း ရိက္ခာခက်ဖွယ်

ချင်းပြည်နယ်တွင်းမှာ ကြွက်တွေသောင်းကျန်းပြီး ကောက်ပဲသီးနှံများနဲ့ စားပင်များကို ဖျက်ဆီးစားသုံးနေလို့ ပြည်သူပြည်သားတွေ အခက်တွေ့နေရပါတယ်။ ချင်းလူ့အခွင့်အရေးအဖွဲ့တဖွဲ့က မိုးရာသီအတွင်းမှာဆိုရင် စားနပ်ရိက္ခာရရှိရေးဟာ ပိုမိုခက်ခဲလာဖွယ်ရှိတယ်လို့ အစီရင်ခံစာတစောင်ထဲမှာ ဖော်ပြထားပါတယ်။ **(MIZZIMA, 20.4.2009)**

## ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်ခြင်း

ချင်းပြည်နယ်တွင်း နအဖလက်ကိုင်တုတ် ကြံ့ဖွံ့မှာများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေပြီလို့ သိရပါတယ်၊ ပြည်နယ်တွင်းရှိ ၉ မြို့နယ်ကို ကိုယ်စားပြုဖို့အလားအလာရှိသူစာရင်းကို ကြံ့ဖွံ့ပြည်နယ်ရုံးကို ပေးပို့လိုက်ပြီလို့လည်း သိရပါတယ်။ **(MIZZIMA, 22.4.2009)**

# ငွေစက္ကူအကြွေများ အလွန်ရှားပါးနေမှုကြောင့် ငွေကြေးသုံးစွဲမှုအခက်တွေ့

**NEJ ၊ ဧပြီလ ၂၄ ။** ။ ပြည်သူများ ငွေကြေးလဲလှယ်မှုအဆင်ပြေစေရန် ငွေစက္ကူအသစ်များ လဲလှယ်ထုတ်ပေးနေတယ်လို့ ပြည်တွင်းမီဒီယာများမှာ ဖော်ပြနေသော်လည်း လက်တွေ့မှာ ငွေစက္ကူအကြွေများ အလွန်ရှားပါးနေကြောင်း သိရှိရပါတယ်။

ထိုသို့ငွေရှားပါးနေသည့်အတွက် ပြည်တွင်းသုံးငွေကို ပြည်တွင်းသုံးငွေ နှင့် အလဲအထပ်ပြုနေသည့် ဈေးကွက်မှာ ပန်းဆိုးတန်း ခြောက်ထပ်ရုံးအနီးမှာ စည်ကားနေတယ်လို့ ငွေအလဲအထပ်လုပ်သူတဦးကပြောပြပါတယ်။ စစ်အုပ်စုက အာဏာသိမ်းခဲ့တဲ့ ၁၉၈၈ ခုနောက်ပိုင်း ၅၀၊ ၁၀၀၊ ၂၀၀၊ ၅၀၀၊ ၁၀၀၀ ကျပ်တန်ငွေစက္ကူများကို တရားဝင်ငွေကြေးအဖြစ် ရိုက်နှိပ်ဖြန့်ချိခဲ့ပါတယ်။ ယခင်ထုတ်ဝေခဲ့တဲ့ ၄၅၊ ၉၀ တန်ငွေစက္ကူများလည်း ဖျက်သိမ်းခြင်းမဟုတ်ဘဲ၊ လုံးဝပျောက်ကွယ်သွားပါပြီ။ ၅၀၊ ၁၀၀၊ ၂၀၀ ကျပ်တန်များလည်း ရှားပါးသွားကာ အဟောင်းအနွမ်း အစုတ်အပြဲများနဲ့ ပြည်တွင်းမှာ လှည့်ပတ်သုံးစွဲခဲ့ရပါတယ်။

အဲဒီ ၅၀၊ ၁၀၀၊ ၂၀၀ တန်ငွေစက္ကူအကြွေများကို ၅၀၀ တန်၊ ၁၀၀၀ တန်ငွေစက္ကူများနဲ့ မိန်းကလေးများက ကားဂိတ်များမှာ စပယ်ယာများထံမှ ညနေ ငွေမသွင်းမီလဲယူကာ ရရှိတဲ့ငွေစက္ကူအကြွေများကို ခြောက်ထပ်ရုံးဝန်းကျင်ရှိ အထိုင်အဝယ်သမားများက ဆယ်လိုတိပ်နဲ့ ဖာထေးဆက်စပ်ကာ အုပ်စည်းဖွဲ့ကြကြောင်း ဆိုင်သမားတဦးက အခုလို ပြောပြပါတယ်။

“စပယ်ယာရတဲ့ ငွေအကြွေများကို ၅၀၀ တန်၊ ၁၀၀၀ တန်နဲ့ မိန်းကလေးတွေက လဲယူလိုက်တယ်၊ အဲဒီမိန်းကလေးတွေက တနေ့ ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ်လောက်စီကြတယ်”။

လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များမှ သူတို့လိုအပ်သော အကြွေငွေစက္ကူများအတွက် ၅၀ ကျပ်တန်တအုပ်ကို အပိုကြေး ၂၀၀၀ ကျပ်၊ ၁၀၀ တန်တအုပ်ကို ၁၅၀၀–၂၀၀၀ ကျပ်၊ ၂၀၀ တန်တအုပ်ကို ၆၀၀ ကျပ်အပိုဆောင်းပေးကာ အထိုင်အဝယ်သမားများထံမှ လဲလှယ်ဝယ်ယူကြရပါတယ်။ ဥပမာ၊ ၅၀ တန်တအုပ်တန်ဖိုး ၅၀၀၀ ကျပ်ကို အပိုကြေး ၂၀၀၀ ကျပ်ထပ်ပေါင်းကာ ၁၀၀၀ တန် ၇ ရွက် သို့မဟုတ် ၅၀၀ ကျပ်တန် ၁၄ ရွက်နဲ့ လဲလှယ်တဲ့ စနစ်ဖြစ်ကြောင်း ငွေလဲသူများက ပြောပြပါတယ်။

အခုလို ပြည်တွင်းသုံးငွေ အချင်းချင်းပြန်လည်လဲလှယ်တဲ့ ငွေကြေးစနစ်ဟာ ၁၉၈၄–၈၅ ကတည်းက ရှိနေခဲ့ပြီး တစစ ကျယ်ပြန့်လာခဲ့ကြောင်း အခုအခါ ခြောက်ထပ်ရုံးအောက်ဘက်မှာ စားပွဲခုံချ ငွေအကြွေလဲပေးနေသူ ၁၀ ဦးခန့်ရှိကြောင်း သိရပါတယ်။

“တချို့ဘဏ်တွေက ဝန်ထမ်းတွေလစာထုတ်ရင် ၁၀၀ တန်၊ ၂၀၀ တန်ငွေစက္ကူအသစ်လေးတွေထည့်ပေးကြတယ်၊ တချို့ ဘဏ်ဝန်ထမ်းကျတော့ လစာနည်းဝန်ထမ်းသက်သာဆိုပြီး အကြွေထုတ် ၂ အုပ်သီးသန့်ထုတ်ခွင့်ပြုတယ်၊ အဲဒီဝန်ထမ်းတွေက ကျနော်တို့ဆီ ၁၀၀၊ ၂၀၀ ကျပ်တန်ငွေစက္ကူအသစ်တွေလာသွင်းကြတယ်၊ လာသွင်းငွေအပြင် ၂၄၀၀ ကျပ်အပိုဆောင်းပေးရတယ်၊ ၂၀၀ ကျပ်အပြတ်ယူပြီး ၂၆၀၀ ကျပ်နဲ့ပြန်ရောင်းတယ်”။

အခုလို ငွေအပိုအဆောင်း အလဲအထပ်လုပ်နေတဲ့ဆိုင်များရှိနေခြင်းကြောင့်သာ ပြည်တွင်းသုံးငွေအကြွေတွေ တိုင်းပြည်တွင်းလည်ပတ်နိုင်ခြင်းဖြစ်ပြီး အဟောင်းဖျက်ဆီး၊ အသစ်ပြန်ထုတ်စနစ်က ပြည်တွင်းငွေကြေး လည်ပတ်မှုဈေးကွက်ကို လုံလုံလောက်လောက် အထောက်အကူမပေးနိုင်ကြောင်း အငြိမ်းစား ဘဏ်အရာရှိတဦးက ပြောပြပါတယ်။ သူဆက်ပြောတာက…

“သကြားလုံး၊ စီးကရက်၊ ကူပွန်စက္ကူတွေနဲ့ ပြည်သူတွေလည်ပတ်နေတာ ဘယ်လောက်ကြာပြီလဲ၊ အဲလို ပြည်သူတွေ ဈေးဝယ်တာကအစ အခက်အခဲဖြစ်နေတဲ့ ငွေကြေးပြဿနာကို နအဖအနေနဲ့ ပြန်လည်စိစစ် သုံးသပ်ဖို့အချိန်တန်ပြီ”။

# ပြည်ပအသံလွှင့်ဌာနတွေကိုနားမထောင်ရန်တပ်တွင်းညွှန်ကြား

**RFA ၊ ဧပြီလ ၂၂ ။** ။ စစ်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေးတွေကို ဝေဖန်နေတဲ့ ပြည်ပအခြေစိုက် အသံလွှင့်ဌာနတွေကို နားမထောင်ကြဖို့ မြန်မာစစ်တပ်အတွင်း ဧပြီလ ၂၀ ရက်နေ့ကစပြီး ညွှန်ကြားချက်ထုတ်ပြန်ထားတယ်လို့ သိရပါတယ်။

မြန်မာဘာသာနဲ့ထုတ်လွှင့်နေတဲ့ ပြည်ပအသံလွှင့်သတင်းဌာနတွေအနေနဲ့ တပ်မတော်အစိုးရအပေါ် စီးပွားရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူ့အခွင့်အရေး စတဲ့ကိစ္စရပ်တွေကို ဝေဖန်ပြောဆိုထုတ်လွှင့်နေကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့တွေက တပ်ဖွဲ့ဝင်အားလုံးနဲ့မိသားစုဝင်တွေအားလုံး ပြည်ပအသံလွှင့်အစီအစဉ်တွေကို လုံးဝနားထောင်ခြင်းမပြုဘို့ညွှန်ကြားထားပါတယ်။

အခုလိုစစ်အစိုးရက နိုင်ငံတကာမှာအခြေစိုက်တဲ့ မြန်မာဘာသာနဲ့ထုတ်လွှင့်တဲ့ အသံလွှင့်ချက်တွေနားမထောင်ဘို့ပိတ်ပင်တာနဲ့ပတ်သက်ပြီး စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက အခုလိုမှတ်ချက်ပေးပါတယ်။ “အကြောက်ဆုံးအရာက သူ့ရဲ့တပ်ထုပြိုကွဲမှာကြောက်တာဘဲ။ အဲဒီတော့ ဒါကြောင့်မို့သူ့တပ်ကို အမျိုးမျိုးလှည့်ပတ်ပြီး တပ်လုပ်ငန်းကိုလုပ်တာဘဲ။ ဒါပေမယ့် သူမနိုင်ဘူးလေ။ ဒီလောက်များတဲ့ တပ်ကြီးလုပ်ထားတဲ့အောက်မှာ တပ်ကလည်းလုံးဝကိုမစားနိုင်ဘူး။ တပ်အောက်ခြေတော်တော်များများက ဝေါ်ကြတယ်။ အနည်းနဲ့အများမကျေနပ်တဲ့လူကတော့ ရှိနေကြတယ်။ အဲဒီအချိန်မှာ သူတို့ဒီဟာတွေကြားတဲ့အခါလည်း ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ ဒါကြောင့်မို့ တချို့ပွင့်ပွင့်လင်းလင်းပြောလာတယ်။ အဓိကကတော့ ဒီရဲ့ဂယက်ကကြီးတယ်ဆိုတာအမှန်ဘဲ။”

မြန်မာစစ်အစိုးရတပ်အတွင်း ညွှန်ကြားထားချက်မှာ အခုလိုပိတ်ပင်တာကို အောက်ခြေအဆင့်ဆင့်လိုက်နာအောင်တာဝန်ရှိသူတွေက ကျပ်မတ်လုပ်ဆောင်ဘို့ညွှန်ကြားထားပြီး ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ မမှန်ကန်တဲ့အကြောင်း တာဝန်ရှိသူတွေကအမြဲမပြတ် ရှင်းလင်းနေဘို့ကိုလည်း ညွှန်ကြားထားပါတယ်။

# လက်မှတ်ပေါင်း ၂၅၀,၀၀၀ ကျော်က တောင်းဆို

**VOA ၊ ဧပြီလ ၂၃ ။** ။ မြန်မာနိုင်ငံမှာအကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးအတွက် စုပေါင်းတောင်းဆိုတဲ့လက်မှတ်တွေ စုစည်းကောက်ခံနေတာ လက်မှတ်ပေါင်း ၂၅၀,၀၀၀ ကျော်ရသွားပြီလို့လက်မှတ်ကောက်ယူတဲ့လှုပ်ရှားမှုကို နိုင်ငံတကာမှာလှုံ့ဆော်လုပ်ဆောင်နေကြတဲ့အဖွဲ့တွေက အင်္ဂါနေ့မှာကြေညာပါတယ်။

ဒီလက်မှတ်ကောက်ယူတဲ့လှုပ်ရှားမှုကို မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့လို့ သတ်မှတ်ထားတဲ့ မတ်လ ၁၃ ရက်နေ့ကစတင်ခဲ့ကြတာပါ။ ၂၀၀၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့မတိုင်ခင် လက်မှတ်ပေါင်း ၈၈၈,၈၈၈ ခုရအောင် စုဆောင်းကောက်ယူမယ်လို့ ရည်ရွယ်ထားပါတယ်။ အကျဉ်းကျခံနေရသူတွေကို မေ့မထားပါဘူးဆိုတာ ပြသကြရမယ်လို့ ဒီလှုပ်ရှားမှုမှာပါဝင်တဲ့ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် Jody Williams ကပြောပါတယ်။

မိမိတို့ရဲ့မိတ်ဆွေ နိုင်ဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ လုပ်ဖော်ကိုင်ဘက်တွေကို လွှတ်မြောက်မှု၊ ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီရေးရဲ့သူရဲကောင်းတွေအဖြစ် ဂုဏ်ပြုပြီး သူတို့လွှတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုကြဘို့ Jody Williams ကတိုက်တွန်းထားပါတယ်။ www.fbppn.net ဆိုတဲ့ အင်တာနက်စာမျက်နှာမှာဖော်ပြထားတဲ့ လက်မှတ်ရေးထိုးတောင်းဆိုချက်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေနဲ့ မြန်မာ့နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေးကိုသူကိုယ်တိုင်ရဲ့အဓိကဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်လုပ်ဆောင်ဘို့ ဖော်ပြတောင်းဆိုထားပါတယ်။

# မူဝါဒအသစ်ကြောင့် မူဆယ်ကုန်သွယ်ရေး ကမောက်ကမဖြစ်

**DVB ၊ ဧပြီလ ၂၂ ။** ။ တရုတ်–မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေး ဇုံလမ်းကြောင်းပေါ် ပြေးဆွဲနေတဲ့ ကုန်တင်ကားတွေကို ကုန်ပစ္စည်းတင်ဆောင်မှု ကန့်သတ်တဲ့ စည်းကမ်းအသစ် ထုတ်ပြန်လိုက်တာကြောင့် ကုန်သွယ်ရေးအခက် အခဲ ဖြစ်စေတယ်လို့ ကုန်သည်တွေက ပြောပါတယ်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုံကို အသစ်ပြောင်းလာတဲ့ လက်ထောက်ညွှန်မှူး ဦးသောင်းနိုင်နဲ့ သွင်းကုန်တာဝန်ခံ ဗိုလ်ကြီးမိုးမြင့်အောင်တို့က ကားတစီးကို ကုန်ပစ္စည်း အမျိုးအစား ၃၀ ထက် ပိုမတင်ရဆိုတဲ့ စည်းကမ်းအသစ် ထုတ်ပြန်လိုက်တာပါ။ မနေ့က ထုတ်ပြန်လိုက်တဲ့ ဒီစည်းကမ်းအသစ်ကြောင့် ကုန်သွယ်ရေးကမောက်ကမဖြစ်စေနိုင်တယ်လို့ နယ်စပ်ကုန်သည်တဦးက ပြောပါတယ်။ ကုန်သည်တွေအနေနဲ့ တရုတ်နိုင်ငံကပစ္စည်းသွင်းမယ်ဆိုရင် ကားတာယာက အစ အိမ်သုံးပစ္စည်းအသေးအဖွဲအဆုံး မိမိအတွက် အဆင်အပြေဆုံးဖြစ်အောင်၊ လိုင်စင်နဲ့ လည်းကိုက်အောင် နည်းနည်းစီခွဲတင်ရတဲ့အတွက် ကားတစီးမှာ အမျိုးအစား ၃၀ ပဲ တင်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ဟာ နည်းလွန်းတယ်လို့လည်း ဆို ပါတယ်။ ဒီလိုစည်းကမ်းအသစ်ထုတ်လိုက်တာဟာလည်း သူတို့ ဘယ်လိုအနေ အထားမျိုးရှိတယ်ဆိုတာကိုသိအောင် အာဏာပြတာရယ်၊ သူတို့အနေချောင်အောင် ယ်လို့ အဲဒီကုန်သည်ကပဲ ပြောပါတယ်။

"ကုန်သည်က သူကိုက်တာ၊ သူအဆင်ပြေတာကို သူ့လိုင်စင်နဲ့ကိုက်အောင်လည်းဝယ်ရတာ။ လိုင်စင်သက်တမ်းကလည်း ၃ လပဲဆိုတော့ ခက်တယ်။ အရင်က ၆၀–၇၀ လောက် ပေးတယ်။ ၃၀ ဆိုရင်တော့ အရမ်းနည်းလွန်းတယ်။ ကားတွေ အများကြီးခွဲရမယ့်ပုံစံဖြစ်နေတယ်။"

အခုလ ၁၈ ရက်နေ့ကမှ ၁၀၅ မိုင် ကုန်သွယ်ရေးဇုံကို ပြောင်းလာတဲ့ ဗိုလ်ကြီးမိုးမြင့်အောင်နဲ့ အဖွဲ့ဟာ ကုန်သွယ်ရေးအပေါ် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်နေပြီး အခွန်ဆောင်ပစ္စည်းနဲ့ သယ်လာတဲ့ပစ္စည်း မတူရင်လည်း ဖမ်းဆီးသိမ်းယူတာတွေ လုပ်နေတယ်လို့ ကုန်သည်တွေက ပြောပါတယ်။ ဒါ့အပြင် ဗိုလ်ကြီးမိုးမြင့်အောင်ဟာ ကုန်သည်တွေနဲ့ အေးဂျင့်တွေအပေါ် အာဏာပြ ဆက်ဆံတာတွေပြုလုပ်နေတယ်လို့လည်း ကုန်သွယ်ရေး အေးဂျင့်တဦးက အခုလို ပြောပါတယ်။

"ကျနော်တို့ဖြစ် စေချင်တာက ဘယ်သွင်းကုန်တာဝန်ခံလူကြီးပဲလာလာ ကုန်သည်တွေနဲ့ စကားချိုချိုသာသာပြောတယ်၊ ကျနော်တို့ ကုန်စီးဆင်းမှု မြန်တယ်ဗျာ။ သူတို့ခေတ်ရောက်ကာမှ စကားကို ချိုချိုသာသာမရှိဘူး၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောတယ်။ ကျနော်တို့ အေးဂျင့်အားလုံး၊ ကုန်သည်အားလုံး၊ ရောင်းဝယ်ရေးအားလုံး အခက်အခဲဖြစ်တယ်။ သူကပါဝါကို အားလုံးအသုံးချပြီး အလုပ်လုပ်တော့ ကျနော်တို့ အေးဂျင့်အနေနဲ့ အလုပ်လုပ်ရတာ ဘယ်လိုမှကို ပြောလို့ဆိုလို့မရဘူး။ ကျနော်တို့က ညွှန်မှူးကိုတိုင်လို့ ညွှန်မှူးဆီကိုတက်ရင်တောင် အဲ့ဒီကောင်ကိုမှတ်ထားပြီးမှ တွေ့မယ်ဆိုပြီးတော့ သူကကြိမ်းဝါးနေတယ်။"

နစကဝန်ထမ်းတွေဟာ ၄ လတကြိမ် အသစ်ပြောင်းလေ့ရှိတာကြောင့် အသစ်ရောက်လာတဲ့ ဝန်ထမ်းတွေအနေနဲ့ ကုန်ပစ္စည်းစစ်ဆေးရာမှာလည်း အချိန်ကြန့်ကြာမှုတွေရှိနေတာကြောင့် ကုန်သွယ်မှုအခက်အခဲနဲ့ကြုံတွေ့နေရတယ်လို့ နယ်စပ်ကုန်သည်တွေက ပြောပါတယ်။

---

# နာဂစ်အပြစ်ဒဏ်ခံအမျိုးသမီး ၃ ဦးထောင်ပြောင်းခံရ

**DVB ၊ ဧပြီလ ၂၃ ။** ။ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ကိုင်လို့ အဖမ်းခံခဲ့ရတဲ့အမျိုးသမီး ၃ ဦးကို မိသားစုနဲ့ဝေးရာ နယ်ထောင်တွေဆီ ပြောင်းရွှေ့လိုက်ပါတယ်။

မရင်ရင်ဝိုင်း၊ မတင်တင်ချိုနဲ့ မနီမိုလှိုင်တို့ ၃ ဦးကို ရန်ကုန် အင်းစိန်ထောင်ကနေ မိသားစုနဲ့ဝေးရာ နယ်ထောင်တွေဆီ မနေ့ကပြောင်းရွှေ့လိုက်တယ်လို့ မိသားစုဝင်တွေကပြောပါတယ်။ မရင်ရင်ဝိုင်းကို ရွှေဘိုထောင်၊ မတင်တင်ချိုကို လာရှိုးထောင်နဲ့ မနီမိုလှိုင်ကို သရက် ထောင်ကိုပြောင်းရွှေ့လိုက်တာပါ။ သူတို့ ၃ ဦးနဲ့ ကိုမြတ်သူတို့ကို နာဂစ်ကယ်ဆယ်ရေးလုပ်လို့ တရားမဝင်အသင်း အားပေးကူညီမှုနဲ့ အင်းစိန်ထောင် အထူးတရားရုံးကနေ ပြီးခဲ့တဲ့ မတ်လ ၂၃ ရက်နေ့က ထောင်ဒဏ် ၃ နှစ်ဆီ ချမှတ်လိုက်တာပါ။

မိသားစုနဲ့ဝေးရာ နယ်ထောင်တွေဆီ ပြောင်းရွှေ့လိုက်တာနဲ့ပတ်သက်ပြီး မရင်ရင်ဝိုင်းရဲ့မိသားစုဝင်တဦးက "သူတို့ရွှေ့တယ် ရအောင်လိုက်တွေ့ရမှာဘဲ။ သူစိတ်ဓာတ်ကျမှာတို့၊ သူ့ကျန်းမာရေးအခြေအနေအတွက်တို့ပေါ့။ ကျမတို့ သွားရမှာနည်းနည်းတော့ခက်ခဲတာပေါ့။ ဒီမှာဆို အချိန်မရွေး အဆင်ပြေသလို သွားတွေ့လို့ရပေမယ့် ဟိုမှာကျတော့ သွားဖို့လာဖို့က နည်းနည်းတော့ ခက်ခဲတာပေါ့" လို့ ပြောပါတယ်။

မရင်ရင်ဝိုင်းဟာ အစာအိမ်ရောဂါနဲ့ ခေါင်းကိုက်ဝေဒနာတွေကို ခံစားနေရသူဖြစ်လို့ မိသားစုက ထောင်ထဲကိုလိုအပ်တဲ့ဆေးဝါးတွေ အပတ်စဉ် ပို့ပေးနေရပါတယ်။ သူ့ကိုထောင်ပြောင်းလိုက်ချိန်မှာ ဆေးဝါးလုံလုံလောက်လောက် ပါသွား မသွား မသိရလို့ စိုးရိမ်မိတယ်လို့လည်း မိသားစုဝင်တဦးကပြောပါတယ်။

"သူ့အစာအိမ်အတွက်ရော၊ ခေါင်းကိုက်တာအတွက်ရော အမြဲတမ်း သူ့ကိုဆေးသွင်းပေးထားတယ်။ ကျမတို့က သကြိမ်တတွင်းလုံးမတွေ့ရဘူး။ သကြိမ် မတိုင်ခင်အပတ်ကလည်း ပစ္စည်းဘဲပို့ရတာဆိုတော့ အခုမှတွေ့ရမှာ။ သူ့ကျန်းမာရေးအခြေအနေ ဒီနှစ်ပတ်အတွင်းမှာ ဘယ်လိုနေမလဲတော့မပြောတတ်ဘူး။ သူ့ကို အပတ်တိုင်းဆေးသွင်းရတယ်။ နှစ်ဆန်း ၂ ရက်နေ့က သွားပြီးတော့ ပစ္စည်းသွားပို့တော့ ပြီးခဲ့တဲ့တပတ်က သူ ထုတ်ပေးတဲ့ဆေးစာကို နောက်တပတ်မှ သွင်းရတာပေါ့။ လက်ရှိတော့လိုမယ်လို့ ထင်တာပဲ"

---

# ဇာဂနာထောင်တွင်း၌ကျန်းမာရေးအခြေအနေဆိုးဝါးနေ

**NEJ ၊ ဧပြီလ ၂၃ ။** ။ ဟာသရုပ်ဆောင်၊ ဒါရိုက်တာမောင်သူရ ခေါ် ဇာဂနာသည် ယခုလ ၁၆ ရက်၊ ည ၈ နာရီတွင် မြစ်ကြီးနားထောင်ထဲ၌ သတိလစ်သွားပြီး ည ၁၁ နာရီခန့်မှ သတိပြန်လည်ကာ ယခုအခါကျန်းမာရေးအခြေအနေဆိုးဝါးနေကြောင်း ၎င်း၏မိသားစုနှင့်အထူးရင်းနှီးသော ခိုင်မာသည့်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

ထိုသို့သတိလစ်ပြီး ၂ ရက်အကြာတွင် ထောင်တွင်း၌ပင် ပြည်နယ်ဆရာဝန်ကြီးနှင့်ပြသခွင့်ရရှိပြီး အသည်းရောင် အသားဝါ ရောဂါဖြစ်နေသည်ကို သိရှိရကြောင်း ဇာဂနာအားသွားရောက်တွေ့ဆုံခဲ့သည့် ၎င်း၏မိသားစုဝင်တဦး၏ပြောပြချက်ကို ကိုးကား၍ အဆိုပါသတင်းရပ်ကွက်မှသိရှိရပါတယ်။ "အခု အခြေအနေကတော့ နေလို့သိပ်မကောင်းဘူး၊ ဒီလ ၂၂ ရက်ကသူ့မိသားစုဝင်တဦး သွားတွေ့ခွင့်ရတယ်။ သွားတော့ ကိုဇာဂနာရဲ့ဗိုက်ကပူနေတယ်တဲ့။ အရင်က အသည်းရောင်အသားဝါဖြစ်တယ်လို့ မကြားရဘူး။ အခုတော့ အဲလိုဖြစ်နေတယ်။ သူ့မိသားစုက ဆေးကုသခွင့်တင်ထားတယ်။ ခွင့်ပြု မပြုတော့မသိရသေးဘူး။" ဟာ ဇာဂနာမိသားစုရဲ့အတွင်းရေးကိစ္စများ ကူညီဆောင်ရွက်ပေးနေသူတဦးကပြောပါတယ်။

ယခုလ ၂ ရက်က မြစ်ကြီးနားထောင်သို့ ဇာဂနာအားမိသားစုဝင်တဦး ထောင်ဝင်စာသွားတွေ့ဆုံခဲ့သော်လည်း ထောင်တွေ့ရက်မစေသဖြင့် တွေ့ဆုံခွင့်မရခဲ့ပါ။ ထိုသို့ထောင်တွင်း၌ ဇာဂနာသတိလစ်သွားခဲ့သည်ကို သက်ဆိုင်ရာထောင်အာဏာပိုင်များက မိသားစုထံတရားဝင်အကြောင်းကြားခြင်းမရှိဘဲ ထောင်နှင့်နီးစပ်သူများထံမှသိရခြင်းဖြစ်ပါတယ်။

မိသားစုဝင်များအား အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းရန်ကြိုးစားခဲ့သော်လည်း ဇာဂနာ၏ကျန်းမာရေးအရေးကြီးသည့်အချိန်ဖြစ်နေသောကြောင့် ထောင်ဝင်စာအပိတ်ခံရမည်ကိုစိုးရိမ်ရသဖြင့် မိသားစုဝင်များကဖြေဆိုရန်ငြင်းခဲ့ပါတယ်။

# နော်ဝေးပါလီမန်၌ နယ်စပ်ဒေသရှိ ရာဇဝတ်မှုကိစ္စအပါဝင် မြန်မာ့အရေးဆွေးနွေး

**DVB ၊ ဧပြီလ ၂၄ ။** ။ မြန်မာပြည်အရှေ့ဘက်နယ်စပ်ဒေသရှိ ရာဇဝတ်မှုတွေကိစ္စအပါအဝင် မြန်မာ့အရေးကို နော်ဝေးနိုင်ငံပါလီမန်မှာဆွေးနွေးပါတယ်။

မနေ့ကကျင်းပတဲ့ ဒီဆွေးနွေးပွဲကို An International and a Norwegian responsibility to protect Crimes Against Humanity in Eastern Burma "မြန်မာနိုင်ငံအရှေ့ဘက်ခြမ်း၌ ဖြစ်ပွားနေသည့် လူသားဖြစ်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် နော်ဝေးနိုင်ငံတို့၏ တာဝန်ယူမှု" လို့ အမည်ပေးထားပါတယ်။ ဆွေးနွေးပွဲကို နော်ဝေးပါလီမန် မြန်မာလွှတ်တော်အမတ်များအဖွဲ့၊ နော်ဝေး–မြန်မာကော်မတီ၊ အော်စလိုငြိမ်းချမ်းရေးစင်တာနဲ့ နော်ဝေဂျီယံ ချတ်ချ် အေ့ဒ်စ်အဖွဲ့တို့က ဦးစီးကျင်းပတာပါ။

"ပြီးခဲ့တဲ့တနှစ်အတွင်းမှာတင် ကရင်၊ ကရင်နီနဲ့ ရှမ်းပြည်နယ်တို့မှာ အနည်းဆုံး လူ ၆၆,၀၀၀ ကျော် ရွာပေါင်း ၃,၀၀၀ ကျော်ကနေ ထွက်ပြေးသွားရပြီး ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်တွေဖြစ်နေကြတယ်" လို့ ထိုင်း–မြန်မာ–နယ်စပ်ကော်မတီက Duncan McArthur က အစီရင်ခံတင်ပြပါတယ်။

"နယ်စပ်စခန်းဆီမရောက်ဘဲ တောတောင်တွေထဲပုန်းအောင်းနေရတဲ့ ပြည်တွင်းဒုက္ခသည် တသန်းကျော်ရှိနေပါတယ်။" နော်ဝေး ဥပဒေပညာရှင် Morten Bergsmo ကတော့ အရပ်သားတွေကို ဒီလို ဒုက္ခပေးနေတာဟာ စစ်ရာဇဝတ်မှုအဖြစ် နိုင်ငံတကာခုံရုံးတင်နိုင်တဲ့အခြေအနေပဲ" လို့ ပြောကြားပါတယ်။

အိုင်အယ်အို ကိုယ်စားလှယ်ဟောင်း Richard Horsey ကတော့ နာဂစ်မုန်တိုင်းတိုက်သွားတာ တနှစ်ကြာလာတဲ့အထိ နိုင်ငံတကာအကူအညီတွေ လိုရင်းမရောက်၊ မှန်းသလောက်မရသေးတာတွေကို တင်ပြပါတယ်။

"အရင်အပတ်တွေတုန်းကပဲ ကျနော် မြစ်ဝကျွန်းပေါ်ဒေသကိုရောက်ခဲ့ပါတယ်။ ဒါဟာ ပထမဆုံး ကိုယ်တွေ့မျက်မြင်ခရီးစဉ်ပါပဲ။ နိုင်ငံတကာအရေးပေါ်အကူညီတွေ လိုအပ်နေတုန်းပဲဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့ရပါတယ်။ အခု နာဂစ်နှစ်ပတ်လည်ရောက်တော့မယ်၊ ဒီအချိန်ဟာ အကူအညီတွေ ဆက်ပေးတိုးပေးနိုင်ဖို့ သိပ်အရေးကြီးတဲ့အချိန်ပါ။ ပထမနှစ်အတွက် အကူအညီတချို့ တဝက်ရထားပေမယ့် လာမယ့် နှစ်နှစ်သုံးနှစ်အတွက် အကူအညီတွေဆက်ပြီး လိုနေပါသေးတယ်။ ဒီအတွက် အလှူရှင်တွေ လှူဒါန်းချင်လာအောင် အစိုးရဘက်ကဆောင်ရွက်ဖို့လိုနေတယ်။"

၂၀၀၄ ဆူနာမီ လျှော်ရေလှိုင်းဘေးကာလတုန်းက နိုင်ငံတကာကပေးခဲ့တဲ့ အကူညီနဲ့ နာဂစ်မှာရတဲ့အကူအညီ ပမာဏသိပ်ကွာခြားနေတဲ့ကိစ္စနဲ့ အစိုးရတွေ၊ အလှူရှင်တွေရဲ့ ဆက်ဆံရေး သိပ်ကွာခြားပုံတွေကိုလည်း မစ္စတာဟော်ဆေးက ထောက်ပြပါတယ်။ မွန်းလွဲပိုင်းဆွေးနွေးပွဲမှာ စဝ်ဟန်ညောင်ရွှေ (အီးယူ–မြန်မာရုံး) က စစ်အစိုးရကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ တိုင်းရင်းသားအရေးကို အလေးထားတင်ပြပါတယ်။

"စစ်အုပ်စုက တိုင်းရင်းသားတွေ သူတို့ဘက်ပါပြီး ရွေးကောက်ပွဲဝင် စေချင်နေပါတယ်။ ဒီမိုကရေစီအင်အားစုတွေကလည်း တိုင်းရင်းသားတွေ သူတို့ဘက်ပါပြီး ရွေးကောက်ပွဲကို သပိတ်မှောက်စေချင်နေပါတယ်။" ဒီလိုအခြေအနေမျိုးမှာ သပိတ်မှောက်ဖို့ တိုင်းရင်းသားအပစ်အခတ်ရပ် ငြိမ်းချမ်းရေးအဖွဲ့တွေကို သိပ်တွန်းအားပေးတာမျိုး မလုပ်မိစေဖို့နဲ့ တိုက်ပွဲတွေပြန်ဖြစ် လာရင် နအဖစစ်အုပ်စုက အရပ်သားတွေကိုပဲ ပစ်မှတ်ထားတိုက်ခိုက်ခဲ့တာကို သတိထားဖို့" လည်း စဝ်ဟန်ညောင်ရွှေက ထောက်ပြပါတယ်။ နော်ဝေး ဝန်ကြီးချုပ်ဟောင်း ဘိုနာဗစ်ကတော့ "မြန်မာပြည်ပြဿနာဟာ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းသင့်မသင့်ပြဿနာမဟုတ်ဘူး၊ မြန်မာပြည်အရေးမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အစိုးရအားလုံးတူညီတဲ့သဘောထားတခုတည်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်တာမျိုးမရှိတဲ့ပြဿနာပဲ" လို့ ပြောကြားပါတယ်။

"တယောက်တမျိုးချဉ်းကပ်နေကြလို့ပါ။ အာဆီယံ၊ တရုတ်နဲ့ အိန္ဒိယတို့က တမျိုး–အပြုသဘောဆက်ဆံရေးဆိုပြီး သဘာဝဓာတ်ငွေ့ဝယ် စီးပွားရှာနေတယ်။ ဂျပန်ကအကူညီပေးနေတယ်၊ အီးယူနဲ့ အမေရိကန်ကလည်းတမျိုးစီ၊ ဒါကြောင့် အားလုံးတူညီတဲ့သဘောတူညီချက်တခုရှာပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်အောင်လုပ်ဖို့လိုပါတယ်၊ ဆွေးနွေးအဖြေရှာရေးဖြစ်လာအောင် တွန်းအားပေးဖို့လိုပါတယ်၊ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးပြီး အပေးအယူ၊ အတိုးအလျှော့လုပ်ဖို့လိုနေတယ်။"

# မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်အင်အားတိုးချဲ့ ရင်ဆိုင်တင်းမာနေဆဲ

**DVB ၊ ဧပြီလ ၂၃ ။** ။ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ နှစ်နိုင်ငံတပ်ဖွဲ့တွေ အင်အားတိုးမြှင့်ပြီး ရင်ဆိုင်အသင့်အနေအထားနဲ့ တင်းမာမှုအသစ်တွေ ထပ်ဖြစ် နေကြောင်း သိရပါတယ်။

မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံထပ်မံတင်းမာမှုဖြစ်ပွားရတာကတော့ မြန်မာနယ်ခြားစောင့်တပ်ဖွဲ့တွေက နယ်နမိတ်သံဆူးကြိုးကာရာမှာ သတ်မှတ်ထားတဲ့ နိုင်ငံတကာ ဥပဒေအတိုင်းမဟုတ်ပဲ ရှေ့တိုးပြီးကာတဲ့အတွက် ပြဿနာတင်းမာလာခဲ့တာလို့ ဒီနေ့ထုတ် ဘင်္ဂလားဒေ့ရှ်သတင်းစာတချို့မှာ ရေးသားထားပါတယ်၊ ၊ ဒီလ ၂၁ ရက်နေ့က ရခိုင်ပြည်နယ် မောင်းတောခရိုင်မြောက်ပိုင်း တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အတွင်းမှာ မြန်မာ နစကတပ်ဖွဲ့တွေက နယ်နိမိတ်မျဉ်းကြောင်းကနေ ကိုက် ၁၀၀ အကွာကနေ သံဆူးကြိုးကာရမှာကို ကိုက် ၅၀ အကွာကနေပဲ ကာဖို့ မြေသားဘောင်တွေမြှင့်တင်ခဲ့ရာက ပြဿနာဖြစ်ခဲ့တာလို့ သတင်းစာတွေမှာ ရေးသားထားပါတယ်။ သံဆူးကြိုးကာတာကို မျက်နှာချင်းဆိုင်ကနေ အနီးကပ်စောင့်ကြည့်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့တွေက ချက်ချင်းအလံနီပြပြီး တားမြစ်ခဲ့တယ်လို့လည်း ရေးသားထားပါတယ်။

အဲဒီနောက် မြန်မာနဲ့ ဘင်္ဂလားနယ်ခြားစောင့်နှစ်ဘက်တပ်မှူးတွေ နတ်မြစ်အဖျားပိုင်းက တံတားပေါ်မှာ အလံထောင်ဆွေးနွေးကြပေမယ့် ဘာသဘောတူညီချက်မှ မရခဲ့ပါဘူး။ မနေ့ကအထိ မြန်မာဘက်က မရပ်ခဲ့တဲ့အတွက် ဒီနေ့မှာ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်တွေက တပ်အင်အားဖြည့်တင်းထားပြီး စောင့်ကြည့်နေတယ်လို့ သိရပါတယ်။ မြန်မာဘက်ကလည်း ယန္တရားတပ်တွေ အပါအဝင်အသင့်အနေအထား ပြင်ထားတယ်လို့ နယ်စပ်အနီးရှိ ကောက်စ်ဘဇားမြို့မှာနေထိုင်တဲ့ ရခိုင်အမျိုးသား ခိုင်ပြည်သိမ်းက ပြောပါတယ်။

"ဗမာဘက်ကတော့ နစက နယ်မြေ ၃ ရယ်၊ နယ်စပ်မှာတော့ တပ်ရင်း ၅ ရင်းလောက် ကတုတ်တွေ ဆက်ပြီးတော့ ပြင်ဆင်နေတယ်လို့ သိရတယ်။ ဘူးသီးတောင်နယ်ရော၊ မောင်းတောနယ်ရောပေါ့။ မောင်းတောခရိုင်မှာ အမြောက်တပ်ချထားတယ်။"

ဒီလ ၄ ရက်နေ့ကလည်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့် ဘီဒီအာတပ်ဖွဲ့တွေက သံဆူးကြိုးကာဖို့စီစဉ်နေတဲ့ မြန်မာနယ်ခြားစောင့် နစကတပ်ဖွဲ့တွေ နယ်ကျွံလာတယ်ဆိုပြီး သေနတ်နဲ့ခြောက်လှန့်ပစ်ခတ် သတိပေးခဲ့ပါသေးတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂ ရက်နေ့ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဌာန အတွင်းဝန်သောဟစ်ဟွတ်စိန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဖေသက်ဦးကိုဆင့်ခေါ်ပြီး နယ်နိမိတ် သံဆူးကြိုးကာတာကို ကန့်ကွက်ပေမယ့် နိုင်ငံတကာဥပဒေနဲ့အညီကာရန်ဖို့ သတိပေးခဲ့ပါတယ်။ ဦးဖေသက်ဦးကလည်း နိုင်ငံတကာဥပဒေအတိုင်း ဖြစ်ရပါမယ်လို့ ကတိပေးခဲ့ပါတယ်။ ဘင်္ဂလား ဒေ့ရှ်နဲ့မြန်မာနှစ်နိုင်ငံဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလောက်ကစပြီး ရေပိုင်နက် အငြင်းပွားခဲ့ရာကနေ နှစ်နိုင်ငံစစ်ပြင်တဲ့အထိ ဖြစ်ပွားခဲ့ရာ အခုအချိန်အထိ တင်းမာမှုတွေဆက်တိုက်ဖြစ်နေပါတယ်။

# မြန်မာဒုက္ခသည်များ လူကုန်ကူးခံရမှု တိုက်ဖျက်ရေး အမေရိကန်တောင်းဆို

**VOA ၊ ဧပြီလ ၂၅ ။** ။ ပြီးခဲ့တဲ့နှစ်တွေအတွင်း ထိုင်း–မလေးရှားနယ်စပ် ဒေသ တွေမှာ လူကုန်ကူးခံနေရတဲ့ မြန်မာနိုင်ငံသားထောင်နဲ့ချီပြီးရှိနေတယ်။ ဒီလိုလူကုန်ကူးမှုတွေမှာ မလေးရှားအစိုးရအရာရှိတွေကိုယ်တိုင် ပါဝင်ပတ်သက် နေတယ်လို့ အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံ စာသစ်ထဲမှာဖော်ပြထားပါတယ်။

ဒါကြောင့် မလေးရှားနဲ့ထိုင်းနိုင်ငံတွေအနေနဲ့ ဒီဒုက္ခသည်တွေကိုအကာ အကွယ်ပေးရေးဆိုင်ရာမှုတွေကို ချမှတ်ဆောင်ရွက်ပေးဘို့လိုနေပြီလို့ နယူး ယောက် အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ပြောပါတယ်။

အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီက မြန်မာနိုင်ငံသား တွေ မလေးရှားနဲ့ထိုင်းနိုင်ငံတောင်ပိုင်းမှာ လူကုန်ကူးခံရတာနဲ့ ခြိမ်းခြောက်ငွေညှစ် ခံရတာတွေနဲ့ပတ်သက်တဲ့ အစီရင်ခံစာတစောင်ကို ကြာသပတေးနေ့မှာထုတ်ပြန် လိုက်တာပါ။ မြန်မာနိုင်ငံကရွှေ့ပြောင်းလာတဲ့ဒုက္ခသည်တွေ၊ လူ့အခွင့်အရေးအဖွဲ့ တွေ၊ အစိုးရတာဝန်ရှိသူတွေကိုမေးမြန်းစုံစမ်းပြီး ကော်မတီဝန်ထမ်းတွေကိုယ်တိုင် တနှစ်ကြာ လေ့လာတွေ့ရှိချက်တွေအပေါ် အခြေခံထုတ်ပြန်ခဲ့တဲ့ ဒီအစီရင်ခံစာ ကို ဧပြီလဆန်းပိုင်းက လွှတ်တော်မှာဆွေးနွေးခဲ့ရာ မကြာခင်နှစ်တွေအတွင်း မလေးရှား ထိုင်းနယ်စပ်ဒေသမှာ လူကုန်ကူးခံရတဲ့မြန်မာနိုင်ငံသားဟာ ထောင်နဲ့ချီပြီးရှိ နေတယ်လို့ဆိုပါတယ်။

မလေးရှားနိုင်ငံကိုရောက်လာတဲ့ မြန်မာနိုင်ငံသားတွေကို မလေးရှား အာဏာပိုင်တွေကဖမ်းပြီး ထိုင်းနိုင်ငံဘက်ကိုပို့ရာမှာ ငွေမပေးနိုင်ရင် ထိုင်းနိုင်ငံမှာ ပြည့်တန်ဆာအလုပ်လုပ်ဘို့ ငါးဖမ်းလှေတွေမှာ အသက်နဲ့ရင်းပြီးအလုပ်လုပ်ဘို့ စားသောက်ဆိုင်နဲ့ တခြားအလုပ်ကြမ်းတွေလုပ်ဘို့အတွက် ရောင်းစားတာကို ခံနေရ တယ်လို့လည်း ဖော်ပြထားပါတယ်။

ဒီလိုလုပ်ဆောင်နေသူတွေထဲမှာ မလေးရှားအစိုးရအရာရှိတွေပါ ပါဝင် ပတ်သက်နေတယ်လို့လည်း အစီရင်ခံစာမှာဖော်ပြထားပါတယ်။ နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ Human Rights Watch ရဲ့ အာရှဆိုင် ရာလက်ထောက်အကြီးအကဲ Elaine Pearson ကတော့ ဒီပြဿနာတွေဖြစ်ပွားနေ တာကြာလှပြီးမို့ ဒီနိုင်ငံတွေမှာဒုက္ခသည်ဆိုင်ရာ ထိရောက်တဲ့မူတွေကို ချမှတ်ပြီး ဆောင်ရွက်ဘို့လိုအပ်နေပြီလို့ ပြောပါတယ်။

အခုလိုမြန်မာနိုင်ငံကနေထွက်ခွာလာသူတွေ ထိုင်း–မလေးရှားနယ်စပ် ဒေသတွေမှာ ဒုက္ခခံစားနေရတာနဲ့အတူ လူကုန်ကူးမှုပြဿနာနဲ့ပတ်သက်ပြီး မလေးရှားအစိုးရအာဏာပိုင်တွေက စတင်ပြီးစုံစမ်းစစ်ဆေးနေပြီလို့ ကော်မတီဝင် လွှတ်တော်အမတ် Richard Luger ရဲ့ပြောဆိုချက်ကိုလည်း အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီရဲ့ အခုထုတ်ပြန် လိုက်တဲ့အစီရင်ခံစာနဲ့ပတ်သက်ပြီး မလေးရှားဝန်ကြီးချုပ် Najib Razak က အရေးယူဆောင်ရွက်မယ်လို့ သောကြာနေ့မှာပြောဆိုကြောင်း မလေးရှားကလာတဲ့ အေပီသတင်းတပုဒ်မှာဖော်ပြထားပါတယ်။ လူ့အခွင့်အရေးအဖွဲ့ကြီးကတော့ မလေးရှားဝန်ကြီးချုပ်သစ်အနေနဲ့ အရင်မလေးရှားအာဏာပိုင်တွေနဲ့မတူဘဲ လူ့အခွင့်အရေးဆိုင်ရာ အရေးယူပြောဆိုမှုတွေရှိနေတာကိုတွေ့ရတာမို့ ဒီပြဿနာ အတွက် သိပ်ကိုမျှော်လင့်ထားပေမယ့် မလေးရှားနိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေဟာလည်း ပြဿနာတခုလို့မြင်ကြောင်း အခုလိုပြောပါတယ်။

"ပြဿနာက မလေးရှားနိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေကြောင့်လို့ ထင်ပါတယ်။ ဒီဥပဒေအရဆိုရင် နိုင်ငံရေးခိုလှုံသူတွေ၊ ဒုက္ခသည်တွေနဲ့ စာရွက် စာတမ်းမရှိတဲ့ရွှေ့ပြောင်းလာသူတွေကြားမှာ ကွဲကွဲပြားပြားခွဲခြားထားတာမျိုး မတွေ့ရပါဘူး။ ဒါကြောင့် မလေးရှားနိုင်ငံမှာ ဒုက္ခသည်အဖြစ်နဲ့ကုလသမဂ္ဂက အသိအမှတ်ပြုထားပေမယ့် ဒီဒုက္ခသည်ကိုဖမ်းမိရင် မလေးရှားအရာရှိတွေအနေနဲ့ ဖမ်းချုပ်ထားနိုင်ပြီး ပြန်ပို့ဘို့လုပ်နိုင်ပါတယ်။ ဒီဖမ်းချုပ်ထားသူတွေကို ကုလသမဂ္ဂ မဟာမင်းကြီးရုံးက တွေ့ခွင့်မရတဲ့တွက် ဒီဒုက္ခသည်တွေကို ကယ်တင်နိုင်တဲ့အခွင့် အလမ်းမရှိပါဘူး" လို့ပြောသွားပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံသားတွေအခုလိုဒုက္ခနဲ့ရင်ဆိုင်နေရတာနဲ့ပတ်သက် ပြီး မြန်မာအစိုးရမှာ အများဆုံးတာဝန်ရှိပါတယ်လို့လည်းပြောပါတယ်။ "အခုလို မြန်မာနိုင်ငံထဲကနေ တခြားနိုင်ငံတွေကိုထွက်ခွာစေတဲ့အကြောင်းရင်းဖြစ်တဲ့ ဖိနှိပ် ညှင်းပမ်းမှုတွေကို မြန်မာစစ်အစိုးရအနေနဲ့ မလုပ်ဆောင်ဘို့ပြောချင်ပါတယ်။ ဒီ အစီရင်ခံစာထွက်လာတဲ့နောက်ပိုင်း မလေးရှားနဲ့ထိုင်းအစိုးရတွေအနေနဲ့ မြန်မာ အစိုးရအပေါ်မှာ ဖိအားတွေပေးကြဘို့ စဉ်းစားလာမယ်လို့မျှော်လင့်ထားပါတယ်။ မြန်မာနိုင်ငံထဲကလူနည်းစုတိုင်းရင်းသားတွေ တခြားနိုင်ငံတွေကို စွန့်ခွာပြီး ဒီလို အန္တရာယ်ရှိတဲ့အခြေအနေမျိုးဖြစ်နေတာကို သူတို့ကပိုင်းပြီးဆောင်ရွက်ကြမှဖြစ်မှာ ပါ" လို့ လူ့အခွင့်အရေးအဖွဲ့ကြီးက မစ္စပီယာဆင်က ပြောသွားတာဖြစ်ပါတယ်။

---

# ကျောင်းသားကျောင်းသူများကို ကြံ့ဖွံ့ ကစည်းရုံး

**NEJ ၊ ဧပြီလ ၂၂ ။** ။ ကြံ့ဖွံ့က နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တ ပညာသင်တန်းဟုအမည်တပ်ကာ ကျောင်းသားကျောင်းသူများကို စည်းရုံးဆွဲ ဆောင်နေကြောင်း ရန်ကုန်မြို့ခံများထံမှသိရှိရပါတယ်။

အဆိုပါသင်တန်းကို ပြီးခဲ့တဲ့ ၂၀၀၈ ခုကစတင်ခဲ့တာဖြစ်ကြောင်း မြောက် ဥက္ကလာပမြို့နယ် ကြံ့ဖွံ့အသင်းသားတဦးကပြောပါတယ်။ "ကျနော်တို့မြို့နယ်မှာ တော့ ပြီးခဲ့တဲ့နှစ်ကဘဲ သင်တန်းဖွင့်တာပါ။ ဒီအစီအစဉ်ကို ရန်ကုန်တိုင်းကြံ့ဖွံ့ အသင်းဗဟိုအလုပ်အမှုဆောင်ဖြစ်တဲ့ မြို့တော်ဝန်ကစီစဉ်တာပါခင်ဗျ။" ဟု မြောက်ဥက္ကလာပမြို့နယ် ကြံ့ဖွံ့စည်းရုံးရေးအဖွဲ့ဝင်တဦးကပြောပါတယ်။ ၎င်းတို့ ပြောပြချက်အရ မြောက်ဥက္ကလာပမြို့နယ်တွင် ပြီးခဲ့တဲ့နှစ်ကသင်တန်း ၁၆ နေရာ ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းသားမှာ ၁၃,၄၀၀ ကျော်ရှိကြောင်း သိရှိရပါတယ်။

သင်တန်းတွင် အင်္ဂလိပ်စာ၊ ကျပန်စကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတို့ ကိုပြုလုပ်ပေးကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်မှ အလယ်တန်းကျောင်းသူတဦးက ပြောပါတယ်။ "ဒီလိုနွေရာသီယဉ်ကျေးလိမ္မာသင်တန်းမျိုးကို များသောအားဖြင့် ဘုန်းကြီးတွေကသာ ဖွင့်လေ့ဖွင့်ထရှိတတ်ကြပါတယ်။ အခုတော့ ကြံ့ဖွံ့ကနေပြီး တော့ ဘုန်းကြီးတွေကိုပါစည်းရုံးပြီး သင်တန်းမှာဘုန်းကြီးတွေကိုပါ သင်ခိုင်းတာမျိုး တွေပြုလုပ်လာတယ်။" ဟု အငြိမ်းစားကျောင်းဆရာတဦးကပြောပါတယ်။

မြောက်ဥက္ကလာပတွင်ဖွင့်သောသင်တန်းမှာ ၂ ရပ်ကွက်မှဘုန်းတော်ကြီး သဒ္ဓမ္မဇောတိကဓဇအရှင်သြဘာသက သင်တန်းသင်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်တယ်။ "ကလေးတွေကိုသင်တန်းမှာ ဆုပေးတာတွေလုပ်ပေးတယ်။ နှစ်စဉ်ဒီသင်တန်းကို ဆက်တက်ဘို့လည်းပြောထားတယ်။ ဒါကတော့ အဖြေကရှင်း နေတာဘဲ၊ စည်းရုံးရေးဆင်းတယ်၊ ကလေးတွေကိုသူတို့ရဲ့ဝါဒတွေကိုသွတ်သွင်း နေတာဘဲ။" ဟု ရန်ကုန်မြို့မှအထက်တန်းရှေ့နေတဦးက သုံးသပ်ပါတယ်။

ယခုနွေရာသီတွင် မြောက်ဥက္ကလာပမြို့နယ်ကြံ့ဖွံ့က သင်တန်းကိုစံပြအဖြစ် ဆောင်ရွက်နေကြောင်း၊ အခြားမြို့နယ်များတွင်ဖွင့်လှစ်ရန်စီစဉ်နေပြီး သင်တန်းဖွင့် ရန်လိုအပ်သောငွေကြေးများကို ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မတည်ပေးကြောင်းသိရပါတယ်။ "မြို့တော်ဝန်ကမတည်ပေးတဲ့ငွေက မြို့နယ်တခုကို အနည်းဆုံး ၂ သိန်းမတည်ပေးတယ်။ ကျန်တဲ့ငွေကို မြို့နယ်မှာရှိတဲ့အသင်းဝင်တွေ ဆီက ကောက်ခံတယ်။ တချို့လည်းထည့်ကြတယ်၊ တချို့ကလည်းမထည့်ချင်သူ တွေရှိတယ်။" ဟု သင်တန်းငွေကောက်ခံရာတွင်ပါဝင်သူတဦးက ပြောပြပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အမှု ဗိုလ်ချုပ်သန်းရွှေထံ တိုက်ရိုက်တင်မည်ဟုဆို

**NEJ ၊ ဧပြီလ ၂၄ ။** ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အကျယ်ချုပ်အမှု အယူခံကြားနာပေးရန် ဝန်ကြီးချုပ်ထံထပ်မံမေတ္တာရပ်ခံခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိသည့်အတွက် နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်ရိုက်တင်ပြသွားရန် စဉ်းစားထားကြောင်း ရှေ့နေကြီးဦးကြည်ဝင်းကပြောပါတယ်။

“အခု ဒေါ်အောင်ဆန်းစုကြည်ကို အနေအိမ်အကျယ်ချုပ်ချထားတဲ့ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးသောသူများ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၉ အရကိုက အရေးယူခံရသောသူသည် အရေးယူခံထားရသောကာလအတွင်း အယူခံပိုင်ခွင့်ရှိတယ်ဆိုပြီး ပိုင်ခွင့်တရပ်အနေနဲ့ကိုပေးထားတယ်ဗျ။ ဒါကိုအစိုးရအဖွဲ့က မကိုင်သေးဘူးဆိုတာ ချိုးဖောက်ရာရောက်မှာလေ။ ဒါကြောင့် ဗိုလ်ချုပ်မှူးကြီးဆီကို ကျနော်တို့ဆက်တင်ပြမယ်လို့ စဉ်းစားထားတယ်။” ဟု ရှေ့နေကြီးဦးကြည်ဝင်းကပြောပါတယ်။

“ကျနော်တို့ကတော့ ဥပဒေစိုးမိုးရေးအတွက် အထောက်အကူပေးတဲ့သဘောအနေနဲ့ တင်ပြသင့်တာကိုတင်ပြမယ်။ ကျနော်တို့ကို ဒေါ်အောင်ဆန်းစုကြည်က ရှေ့နေကိုယ်စားလှယ်ပါဝါပေးအပ်ထားတော့ ကျနော်တို့တာဝန်ကျေအောင်လုပ်မယ်။ ရေဆုံးရေဖျားလိုက်မယ်” ဟုဦးကြည်ဝင်းကရှင်းလင်းပြောဆိုပါတယ်။ အဆိုပါတင်ပြမှုအတွက် ရှေ့နေကြီးဦးကြည်ဝင်းနှင့် တွဲဘက်ရှေ့နေဦးလှမျိုးမြင့်တို့ ဆွေးနွေးမှုများပြုပြီး လကုန်ပိုင်းတွင် တင်ပြသွားနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

တည်ဆဲဥပဒေတရပ်ဖြစ်သည့် နိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ(ဥပဒေအမှတ် ၂/၇၅)၊ ပုဒ်မ ၁၃ တွင် ဗဟိုအာဏာပိုင်မပါသော အဖွဲ့အစည်းတရပ်ရပ်က လုပ်သင့်လုပ်ထိုက်သည့်အလုပ်မလုပ်ဘဲ နိုင်ငံသားတယောက်၏အခွင့်အရေးကို ကာကွယ်မပေးပါက နိုင်ငံတော်ကောင်စီကို တင်ပြတိုင်ကြားနိုင်ကြောင်း ဖွင့်ဆိုထားသည်ဟု ဦးကြည်ဝင်းကရှင်းပြပါတယ်။

“ဆိုတော့ကာ ကျနော်တို့ဆီမှာ ဝန်ကြီးချုပ်ရုံးပါဝင်တဲ့ အစိုးရအဖွဲ့အထက်မှာ နအဖ ဆိုတာရှိသေးတယ်။ ဒီတော့ ကျနော်တို့ နအဖ အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူ့ဆီကိုဥပဒေအကြောင်းအရဆက်တင်မယ်။ တင်လိုက်ရင် ဗိုလ်ချုပ်မှူးကြီးလည်းဒါကိုနားလည်မယ်ထင်ပါတယ်။ တင်ပြဘို့တာဝန်ကတော့ ကျနော်တို့တာဝန်ဘဲလေ။” ဟု ဦးကြည်ဝင်းကဆက်လက်ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၃ ခု၊ ဒီပဲယင်းအရေးအခင်းဖြစ်ပွားပြီးနောက် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးသောသူများ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေအရဆိုကာ နအဖ စစ်အစိုးရက နေအိမ်အကျယ်ချုပ်ချထားခဲ့တယ်။ ယင်းဥပဒေအရ နေအိမ်အကျယ်ချုပ်ချထားမှုကို အစိုးရအဖွဲ့က ၅ နှစ်ထက်ကျော်လွန်၍ ၁ နှစ်ထပ်တိုးခွင့်ရှိသည်ဆိုကာ တနှစ်ထပ်တိုးလိုက်ပြီးနောက် ဥပဒေကြောင်းအရ ညီညွတ်မှုမရှိသဖြင့် ရှေ့နေကြီးဦးကြည်ဝင်းက ၂၀၀၈ ခု၊ အောက်တိုဘာ ၉ ရက်တွင် အယူခံလွှာတင်သွင်းခဲ့သည်။

သို့ရာတွင် နအဖ အစိုးရအဖွဲ့က အယူခံကိုကိုင်တွယ်ကြားနာခြင်းမရှိသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေကြီးဦးကြည်ဝင်းက အစိုးရအဖွဲ့အကြီးအကဲ ဝန်ကြီးချုပ်ထံ အမှုကိုင်တွယ်ကြားနာပေးရန် မေတ္တာရပ်ခံစာများ လေးကြိမ်ထက်မနည်း ပေးပို့ခဲ့သော်လည်း တစုံတရာအကြောင်းပြန်ကြားခဲ့ခြင်းမရှိပေ။

“ဒီလ ၁၀ ရက်နေ့က အယူခံအမှုအတွက် ဝန်ကြီးချုပ်ဆီကိုမေတ္တာရပ်ခံစာပေ့ါ အဲလိုဘဲသုံးရမှာပေ့ါဗျာ။ တိုက်တွန်းတယ်လို့တော့မသုံးတော့ပါဘူး။ အဲဒီစာတင်ပြီးနောက် ဝန်ကြီးချုပ်ဘက်က ဘာမှအကြောင်းမပြန်သေးဘူး။ သို့သော်ကျနော်တို့က ရှေ့နေတွေဖြစ်လေတော့ ကိုယ့်အမှုသည်အတွက် ကိုယ်ဉာဏ်မီသလောက်၊ ကိုယ်တတ်စွမ်းသလောက်၊ စာစာကပြောသလို လုပ်စရာရှိတာတွေဆက်သွားမှာပေ့ါဗျာ။ ကြိုးစားမှာပေ့ါ။” ဟုရှေ့နေကြီးဦးကြည်ဝင်းကပြောပါတယ်။

နအဖဘက်က နေအိမ်အကျယ်ချုပ်အယူခံအမှုကို ယခုအချိန်အထိ ကိုင်တွယ်ကြားနာမှုမပြုသော်လည်း အကျယ်ချုပ်အချခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်မှာ လာမည့် မေ ၂၇ ရက်တွင် နေအိမ်အကျယ်ချုပ်သက်တမ်း ၆ နှစ်ပြည့်တော့မည်ဖြစ်သည်။ ပြီးခဲ့တဲ့လအတွင်းကလည်း ကုလသမဂ္ဂက နအဖ အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် ကိုယ့်ဥပဒေ ကိုယ်ချိုးဖောက်ရာရောက်သည်ဟု ပြောဆိုခဲ့ပါတယ်။




1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

**To**

AIR MAIL

**PRINTED MATTER**